ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (28-2-2005) (၄၅၂၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋီ စံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါနမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းရီခဲ့တွင် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အလောင်းတော် ကဿပရုပ်ပွားတော်အား ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ မုံရွာမြို့ ဇောတိကာရာမ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒနှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အောင်အရဟံသိဒ္ဓိကုဋ္ဌာသယ လာဘ်ံ စေတီတော် အမှတ်(၁)နေရာ၌ မဟာဗောဓိပင်ပျိုးကို စိုက်ပျိုးပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၂-၂၀၀၅
(တနင်္လာနေ့)

ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စုစည်းညီညွတ်သောစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိ ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ စက်မှုနှင့်ကုန်သွယ်ရေးစသည့် ကဏ္ဍအသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်းများ ပေါ်ထွန်းလာနေသည်ကို တွေ့ရသည်။

သာဓကအားဖြင့် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအရေးပါသည့်တိုင်းကြီးခြောက်တိုင်း၌ပါဝင်နေသောစစ်ကိုင်းတိုင်းတွင် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍစသည့် စီးပွားရေးကဏ္ဍများရော လမ်းပန်းဆက်သွယ်မှု၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍတို့၌ပါ ဖွံ့ဖြိုးတိုးတက်လာနေသဖြင့် လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ မြင့်မားလာလျက်ရှိနေသည်။

စစ်ကိုင်းတိုင်းသည် လယ်ယာစီးပွားရေး အခြေခံကောင်းသဖြင့် မြို့ပြနှင့်ကျေးလက်များအကြား ကွာဟချက်ကြီးမားမှုမရှိဘဲ မျှတစွာ ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ကိုင်းတိုင်းသို့ သွားရောက်သည့်ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၂၄ ရက်နေ့က စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများအား မှာကြားရာတွင် **သဘာဝက ပေးအပ်ထားသော ရေမြေအခြေအနေ၊ နိုင်ငံတော်က ဖန်တီးပေးထားသော ဆည်တမံလုပ်ငန်းနှင့် မြစ်ရေတင်လုပ်ငန်းများ၏ ပံ့ပိုးအထောက်အကူပြုမှု အခြေအနေတို့အရ စစ်ကိုင်းတိုင်းသည် ရည်မှန်းချက်ပေးထားသည့်အတိုင်း အထက်မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရမှာဖြစ်ကြောင်း၊ အမှန်တကယ်ကြိုးစားလုပ်ကိုင်မည်ဆိုလျှင် ယင်းရည်မှန်းချက်များ ပြည့်မီရမှာဖြစ်ကြောင်း** ပြောကြားသွားသည်။

စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးရေးကဏ္ဍအနေဖြင့် မိုးစပါး၊ နွေစပါးအပါအဝင် နိုင်ငံတော်၏ အဓိကသီးနှံ ၁၀ မျိုး အထွက်တိုးအောင် ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ပြည်နယ်နှင့်တိုင်းဒေသအနှံ့၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး တည်ဆောက်ပေးထားပြီးဖြစ်သည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံးသည် စီးပွားရေးအရ၊ လမ်းပန်းဆက်သွယ်မှုအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ တိုးတက်နေပြီဖြစ်သည်။ ပြည်နယ်/တိုင်းအားလုံး တစ်ပြေးညီ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် စစ်ကိုင်းတိုင်း အပါအဝင် ပြည်နယ်/တိုင်းအားလုံး အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံ၏လူဦးရေမှာ ၅၄ သန်းကျော်ခန့်ရှိနေရာ လွန်ခဲ့သောနှစ် ၅၀ ကျော်ခန့်ကထက် လူဦးရေသုံးဆခန့် တိုးတက် များပြားလာသည်။ သို့ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူ နှင့် နိုင်ငံ့ဝန်ထမ်းများ၏ ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ပြည်တွင်းအစားအစာ လုံလောက်ရုံမက ဖူလုံပိုလျှံနေပြီဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကွဲပြားခြားနားသော ရေမြေရာသီဥတုအခြေအနေအရ စိုက်ပျိုးဖြစ်ထွန်းနိုင်သော အမယ်သစ်သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ လက်ရှိနိုင်ငံလူဦးရေထက် နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ ကြိုတင်တွက်ဆ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အညီ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများက စုစည်းညီညွတ်သောစွမ်းအားဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး အဆင့်မြင့် ဆောင်ရွက်မှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြင့်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ဗညားဒလလမ်းမကြီးကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းမှုနှင့် လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာ အမှိုက်များ ရှင်းလင်းနေမှုများကိုလည်းကောင်း၊ အောင်မင်္ဂလာချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရွှံ့၊ နုန်းနှင့် အမှိုက်များ ဆယ်ယူ ရှင်းလင်းနေမှုများကိုလည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန် လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း လျက်ရှိမှုများကိုလည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာရာလမ်း အနောက်ဘက်ခြမ်း လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားခင်းကျင်းနေမှုနှင့် လမ်းဘေးကပ်တုံးများတပ်ဆင်နေမှုများကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံ၌ ဘုရင့်နောင်လမ်းမကြီး အနောက်ဘက်ခြမ်း တစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းမှုနှင့် လမ်းဘေး ဝဲ၊ ယာ အမှိုက်၊ မြက်နှင့် ချုံနွယ်များ ရှင်းလင်းမှုများကို လည်းကောင်း၊ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီး တစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။

ဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းကာ မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြင့်ခင်းကျင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ရန်ကုန်မြို့တော်ကြီးမှာ ယခင်ကထက် သိသိသာသာပိုမိုသန့်ရှင်း သာယာလှပလာပြီဖြစ်ရာ မြို့တော်နေ ပြည်သူများအနေဖြင့် ရှိပြီးဖြစ်သော သန့်ရှင်းသာယာလှပမှု အခြေအနေကောင်းများ ရေရှည်တည်တံ့စေရေးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် နံနက် ၁၀နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်ကျေးရွာ အုပ်စုအနီးရှိ နွေစပါး ပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၅၀၀ သို့ ရောက်ရှိလာပြီး လယ်မြေအတွင်း လျှပ်စစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေလုံလောက်စွာ ပေးသွင်းနေမှု၊ လယ်မြေအတွင်း ဒဂုံသီရိ၊ ဆင်းသွယ်လတ်၊ ရေဆင်း (၂)၊ ရေဆင်း (၃)စသည့် အထွက်ကောင်းမျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ကွက်လပ်မကျန်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က နွေစပါးပန်းတိုင် အထွက်နှုန်းရရှိစေရေးနှင့် တစ်ဧကတင်း ၁၀၀ ရရှိစေရေး၊ လယ်မြေတစ်ကွက်ချင်းအလိုက် ကွက်လပ်မကျန် စိုက်ပျိုးကြရန် မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်- ပဲခူးလမ်းမကြီးနှင့် အမှတ် (၃)လမ်းဆုံအနီး ရန်ကုန်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေဧက ၈၀သို့ ရောက်ရှိလာပြီး စိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဘားလားဒေသသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးဇရိယာအတွင်း တည်ရှိနေသဖြင့် ဒေသတစ်ခုလုံး အမြဲစိမ်းလန်းနေစေရေး၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတို့ကို တစ်နှစ်တစ်သီးစား နှစ်သီးစားမှသည် သုံးသီးစားအထိ တိုးချဲ့ စိုက်ပျိုးကြရန်နှင့် လျှပ်စစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေနိုင်သည့်ဧက ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် သတ်မှတ်ထားသည့်အခွန်များကို ပြည်သူများက တာဝန်ကျေပွန်စွာ အပြည့်အဝပေးဆောင်ဖို့သင့်

❍ **ပြည်သူများမှ**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် အကြောင်းကျိုးဆီလျော်ပြီး စေ့စပ်သေချာမှုရှိပါသဖြင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့် မူများ၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့က ကောက်ခံသင့်သည့် အခွန်တော်စာရင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့နှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က “အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်တွင် ပါဝင်သည့် အသေးစိတ်အခြေခံရမည့်မူများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေများကို စနစ်တကျ စိစစ်ကောက်ခံ ခွဲဝေသုံးစွဲရေးအတွက် ချမှတ်သင့်သည့် အခြေခံမူများဖြစ်သဖြင့် အသေးစိတ်အခြေခံမူများကို ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူများအဖြစ် သတ်မှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါတယ်။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က “အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြထားသော ပြည်ထောင်စု အရအသုံးခန့်မှန်းခြေ ငွေစာရင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲတင်ပြနိုင်ရန်အလို့ငှာ နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည့် ဘဏ္ဍာရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန်ကိစ္စသည်လည်းကောင်း၊ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုလွှတ်တော်ကိုတင်သွင်းပြီး အတည်ပြုချက် အဆင့်ဆင့်ရယူမည့် ဘဏ္ဍာရေးဆိုင်ရာ အခြေခံရမည့် မူများသည်လည်းကောင်း၊ ပြည်ထောင်စုအရအသုံးခန့်မှန်းခြေ ဘဏ္ဍာငွေ ဥပဒေကြမ်းတွင် ဖော်ပြရမည့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဖော်ပြရမည့်ကိစ္စရပ်များသည်လည်းကောင်း လျော်ကန်သင့်မြတ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများအဖြစ် ထည့်သွင်းသင့်ပါကြောင်း”ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က “အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်(က)မှ (ဒ) အထိကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

သီးခြားအကြံပြု

ထို့ပြင် သီးခြားအကြံပြုချက်အနေဖြင့် “ဆက်လက်၍ ဆွေးနွေးတင်ပြလိုသည်မှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဥပဒေပြုရေးဆိုင်ရာ အာဏာ ခွဲဝေမှုနှင့်စပ်လျဉ်းပြီး ရှင်းလင်းခဲ့ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းသွားခဲ့ပါကြောင်း။

ဤသို့ရှင်းလင်းရာတွင် မြန်မာမင်းအုပ်ချုပ်ပုံနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ် အမိန့်တော်ကြီးတွင် သဿမေဓ အခွန်တော်အကြောင်းပါရှိပါကြောင်း၊ ဤနေရာတွင် အခွန်နှင့်စပ်လျဉ်းပြီး မိမိတို့အကြံပြုတင်ပြလိုသည်မှာ ပြည်ထောင်စုအတွက် အခွန်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအတွက် အခွန်ဖြစ်စေ သတ်မှတ်ပြီးလျှင် ပြည်သူများအတွက် အေးချမ်းသာယာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆောက်အအုံ (Infrastructure)များကို တည်ဆောက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝကျ မျှတသည့်အခွန်နှုန်းထားများ သတ်မှတ်ရာတွင် နှစ်စဉ် လျာထားသတ်မှတ်သည့် အခွန်ကို ပြည့်မီအောင်ကောက်ခံရရှိရေး ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လေ့လာရသရွေ့ တင်ပြရလျှင် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုမှရသည့်ဝင်ငွေသည် အလွန်နည်းပါးနေသေးကြောင်းတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မိမိတို့ဘက်စုံ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးနေသည့် အစိုးရလက်ထက်တွင် ပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်အောင်သတ်မှတ်ထားသည့် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အမြတ်ခွန်အစရှိသည့် အခွန်များကို ပြည်သူများက တာဝန်ကျေပွန်စွာ အပြည့်အဝပေးဆောင်ဖို့ သင့်ပါကြောင်း၊ ဤအလေ့အကျင့်သည် ဒီမိုကရေစီ နိုင်ငံသားကောင်းများ၏ အလေ့အကျင့်ဖြစ်ပါကြောင်း၊ ဤကောင်းမွန်သည့် အလေ့အကျင့်ကို နောင်ဖြစ်လာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ဆက်လက်အောင်မြင်စေရန် စည်းရုံးပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သင့်ပါကြောင်း”ဖြင့် အကြံပြု တင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က “အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များအကြား အခွန်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီး ရှင်းရှင်းလင်းလင်းဖော်ပြထားသည်ကို တွေ့ရှိရသည့်အတွက် ဖော်ပြထားသည့် အချက်အလက်များအားလုံးတို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပို၍ထမ်းဆောင်နေရ

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် “ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပိုင်းနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြုလိုပါကြောင်း၊ ယင်းမှာ နိုင်ငံတော်၏အသုံးစရိတ်များအတွက် လိုအပ်သည့်ဘဏ္ဍာရေးကို ရှာဖွေသည့်နေရာတွင် ပြည်သူများကလည်း ဥပဒေနှင့်အညီ ထမ်းဆောင်သင့်သည့် အခွန်တော်များကို တိကျမှန်ကန်ပြည့်စုံစွာ ထမ်းဆောင်ကြရန် တာဝန်ရှိသကဲ့သို့ ပြည်သူများအနေဖြင့် အမှန်တကယ် ထမ်းဆောင်သင့်သည့် အခွန်တော်များထက်ပို၍ ထမ်းဆောင်ကြရသည်များလည်း ရှိနေပါကြောင်း။

အခွန်တော်ကောက်ခံခြင်းအကြောင်းနှင့် စပ်လျဉ်းပြီး မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းတွင်ပါရှိသော နိုင်ငံတော်အတွက် စပါး၊ ဆန်ရေ၊ ကြေးငွေပေးကမ်းသင့်သည့် အတိုင်း တောင်းခံယူငင်ခြင်းသည် သဿမေဓမည်၏ ဆိုသည့်အပိုင်းကို ထောက်ခံပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ မနစ်နာရအောင်၊ အကျင့်ပျက်ဝန်ထမ်းတို့ကို ဖော်ထုတ်၍ ထိရောက်စွာအရေးယူသင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကြီးက နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် ဥပဒေပြု အာဏာကို ခွဲဝေအပ်နှင်းသည်ဟု အခြေခံမူတစ်ရပ် ချမှတ်ထားခဲ့ပြီးဖြစ်ပါကြောင်း၊ ပိုမိုပြည့်စုံအောင် ဥပဒေပြဋ္ဌာန်းချက်တစ်ခုကို ရေးဆွဲဖို့ဆိုလျှင် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ် ဘယ်နှရာခိုင်နှုန်းက အဆိုပြုလာလျှင် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်၊ ပြည်ထောင်စု လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် ဘယ်နှရာခိုင်နှုန်းက အဆိုပြုလာလျှင် ရေးဆွဲရမည်ဖြစ်သည်ဟု လွှတ်တော် ကိုယ်စားလှယ်ရာခိုင်နှုန်း အတိအကျထည့်သင့်ပါကြောင်း။

ထို့ပြင် ရေးဆွဲပြီးသားဥပဒေတစ်ရပ်ရပ်ကို ပြည်ထောင်စု လွှတ်တော်၏ ကိုယ်စားလှယ် ဘယ်နှရာခိုင်နှုန်းက ထောက်ခံလျှင် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ် လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်ဘယ်နှရာခိုင်နှုန်းက ထောက်ခံလျှင် အတည်ဖြစ်သည်ဟု ဥပဒေတစ်ခု ရေးဆွဲ ပြဋ္ဌာန်းအတည်ပြုရန် လိုအပ်သည့်လွှတ်တော်ကိုယ်စားလှယ် မည်ရွေ့မည်မျှရှိသင့်သည်ကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ဖြည့်စွက်အကြံပြု တင်ပြအပ်ပါသည်”ဟု အကြံပြုတင်ပြ သွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က “အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေး ဆိုင်ရာရှင်းလင်းတင်ပြချက်များဖြစ်သည့် (က)မှ (ဒ)အထိ ဖော်ပြထားသည့် အချက်များကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အလေးအနက်ထောက်ခံ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က “ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့် မူများအဖြစ် (က)မှ (ဒ)အထိဖော်ပြထားသည့် အချက်များကို ချမှတ်သင့်ကြောင်း မိမိတို့ အသိပညာရှင်၊ အတတ်ပညာရှင် အစုအဖွဲ့က သုံးသပ်ရရှိပြီး အလေးအနက် ထောက်ခံပါကြောင်း တင်ပြပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က “ဘဏ္ဍာရေး ကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့က ကောက်ခံသင့်သည့် အခွန်တော်စာရင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် (က)မှ(ဒ)အထိ ဖော်ပြထားသည့်အချက်များကို အသေးစိတ် အခြေခံမူများအဖြစ် ချမှတ်သင့်ပါကြောင်း”ဖြင့် တင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က “ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်တို့ကို မိမိတို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၀၅ဦးလုံးက အားလုံးသဘောတူထောက်ခံကြပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် “အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ထဲတွင် ယခင်နှစ်များ၏ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်းများကိုလေ့လာသည့်အခါ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မိမိတို့ကောက်ခံရရှိသည့်အခွန်ငွေထက် ပြည်နယ်နှင့် တိုင်းများအတွက် သုံးစွဲသည့်ကုန်ကျစရိတ်များက ပိုမိုများပြားနေကြောင်း လေ့လာတွေ့ရှိရသည်ဟု ဖော်ပြပါရှိပါကြောင်း၊ တချို့ပြည်နယ်နှင့် တိုင်းများတွင် အမှန်တကယ် ဝင်ငွေနည်းပါး၍ဖြစ်သော်လည်း တချို့ပြည်နယ်၊ တိုင်းများမှာမူ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သယံဇာတအရင်းအမြစ်များမှ ဝင်ငွေများသည် ဝန်ကြီးဌာနငွေစာရင်းများသို့ ရောက်ရှိသွားခြင်းကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘဏ္ဍာငွေစာရင်းတွင် အခွန်တော်နည်းခြင်း ဖြစ်သည်ဟု ယူဆရပါကြောင်း။

ထပ်မံဖြည့်စွက်သင့်

ထို့ကြောင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းသင့်သည့်ရငွေများနှင့် အခွန်အခ အမျိုးအစား စာရင်းတွင် အောက်ပါအခွန်အခစာရင်းများကိုလည်း ထပ်မံ ဖြည့်စွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု လွှတ်တော်မှ ဥပဒေပြုခွင့်ရှိ၍ ဥပဒေပြုထိုက်သော ကိစ္စများနဲ့ဆက်စပ်သည့် ရငွေနှင့်အခွန်အခများ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ ထွက်ရှိသော မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက် သယံဇာတပစ္စည်းများနဲ့ ၎င်းတို့နဲ့ ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများအပေါ် စည်းကြပ်သောအခွန်များ၊

အမျိုးသားညီလာခံ စုညီအစည်းအဝေးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်း “ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း” နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောထွက်ပစ္စည်းများနဲ့ ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများအပေါ် စည်းကြပ်သော အခွန်များ၊

(၄) တိရစ္ဆာန်မွေးမြူရေး၊ စိုက်ပျိုးရေးထွက်ကုန်များနဲ့ဆက်စပ်သော စက်မှုလက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများအပေါ် စည်းကြပ်သော အခွန်များ၊

(၅) ရေအရင်းအမြစ်၊ မြေအရင်းအမြစ်နဲ့ ၎င်းတို့နှင့် ဆက်စပ်သောလုပ်ငန်းများမှ စည်းကြပ်ခွန်များ၊

(၆) ဝင်ငွေခွန်၊

(၇) ကုန်သွယ်ခွန်

သီးသန့်အခွန်

အထက်ဖော်ပြပါ အခွန်အမျိုးအစား ခုနစ်မျိုးအနက် နံပါတ်(၂)မှ(၇)အထိ အခွန်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် သီးသန့်အခွန်အဖြစ် သတ်မှတ်ပေးသင့်ပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် သင့်တင့်မျှတသော အချိုးအစားဖြင့် ခွဲဝေရယူကြရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုတင်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်မှာ ယင်းနိုင်ငံ၏ အခွန်အခများ မျှတမှန်ကန်စွာ ကောက်ခံရရှိမှု အပေါ်တွင်လည်း တည်ရှိလျက်ရှိပါကြောင်း၊ အစိုးရများသည် မိမိပြည်သူထံမှ အခွန်အခများကို မလွှဲမရှောင်သာ ကောက်ခံကြရပါကြောင်း၊ ထိုသို့ဝင်ငွေခွန်များ ကောက်ခံကြရာတွင် ရောင်းဝယ်ခွန်(SALES TAX)သည် အလွန် အရေးပါသော ဝင်ငွေခွန်တစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရောင်းဝယ်ခွန် ကောက်ခံရာတွင်–

(၁) အခွန်ထမ်းပြည်သူပြည်သားများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊

(၂) အခွန်ပေးဆောင်ရသူနှင့် အခွန်ကောက်ခံသူတို့အတွက် လွယ်ကူမှုရှိစေရန်၊

(၃) အခွန်ကောက်ခံသူတို့အနေဖြင့် မသမာမှုများ မပြုလုပ်နိုင်စေရန်

စသည့် ရည်ရွယ်ချက်များ ဖြစ်မြောက်စေရန် နည်းလမ်းများ ရှာဖွေပြီး တတ်နိုင်သမျှ စီမံဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံအများစုတွင် ရောင်းဝယ်ခွန် (SALES TAX) ကို ကောက်ခံရာတွင် ကွန်ပျူတာ သို့မဟုတ် ပြေစာစနစ်ကို အောင်မြင်စွာ အသုံးပြုလျက်ရှိကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကုန်ပစ္စည်း တစ်မျိုးမျိုးကို အရောင်းအဝယ်လုပ်တိုင်း သတ်မှတ်ရိုက်နှိပ်ထားသော ပြေစာကို ဗဟိုအစိုးရက ကောက်ခံသော ရောင်းဝယ်ခွန် (GOVERNMENT SALES TAX) (GST) နှင့် တိုင်းဒေသကြီးတို့မှ ကောက်ခံသော ရောင်းဝယ်ခွန် (STATE AND DIVISION SALES TAX) (STD. S.T)ကို တစ်ပါတည်း ရိုက်နှိပ်ပေးထားသည့်စနစ်ကို အသုံးပြုကြပါကြောင်း၊ အများအားဖြင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

ပြည်သူ့ကိုယ်စားလှယ်

အနာဂတ်နိုင်ငံတော်၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် ရွေးချယ်ခန့်ထားရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိကြသည့် ပြည်သူများက တိုက်ရိုက် ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များထဲက ဖြစ်မှသာ ပိုမိုသင့်လျော်ဆီလျော်မည်။

❒ စာမျက်နှာ ၃မှ

ဗဟိုအစိုးရရောင်းဝယ်ခွန်ကို ၇ ရာခိုင်နှုန်းခန့် သတ်မှတ်လေ့ရှိပြီး တိုင်းဒေသကြီး ရောင်းဝယ်ခွန်ကို ၆ရာခိုင်နှုန်းခန့် သတ်မှတ်လေ့ရှိပါကြောင်း၊ ရောင်းဝယ်ခွန်ရာခိုင်နှုန်းကို မိမိတို့ နိုင်ငံဒေသအခြေအနေအရ သင့်လျော်သလို သတ်မှတ်သင့်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံတော်အစိုးရနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများသည် ရောင်းဝယ်ခွန်ကို စနစ်တကျ ကောက်ခံနိုင်ရေးအတွက် ထိုကဲ့သို့ ပြေစာဖြင့်ရောင်းဝယ်ခွန် ရာခိုင်နှုန်းကို သတ်မှတ်ပြီး တစ်ပါတည်း ကောက်ခံသောစနစ်ကို အသုံးပြုလိုက အသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မှုအဖြစ် ထည့်သွင်းနိုင်ရန် သတ်မှတ်ထားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြင်ဆင်သတ်မှတ်

ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ သုံးစွဲခြင်းတို့အတွက် ချမှတ်သင့်သည့် အခြေခံရမည့်မှုများနှင့်ပတ်သက်၍ သစ်များအပေါ် ကောက်ခံရသည့် အခွန်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် အဓိက အားကိုးအားထားရမည့် အခွန်ငွေများဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီ ကောက်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းသင့်သည့်ရငွေများနှင့် အခွန်အခ အမျိုးအစားကို သတ်မှတ်ချက် (၁၉)ချက်များထဲက အမှတ်စဉ်(၁၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ 'ကျွန်းနှင့်သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များပေါ်တွင် ကောက်ခံသည့်အခွန်'စကားရပ်အစား 'ကျွန်းမှအပ ကျန်သစ်များပေါ်တွင် ကောက်ခံသည့် အခွန်'** စကားရပ်အစားထိုး ပြင်ဆင်သတ်မှတ်ပေးရန် အကြံပြုတင်ပြအပ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါး ပပျောက်ရေးနှင့်ပတ်သက်၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာက အသိအမှတ်ပြုလောက်အောင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိနေပါကြောင်း။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာနမှပင် ၎င်းတို့မှ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာတဲ့ International Narcotic Control Strategy Report (INCSR) မူးယစ်ဆေးဝါး အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ဘိန်းအထွက်နှုန်းသည် ၁၉၉၆ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ခုနစ်နှစ်တာ ကာလအတွင်း ၈၁ ရာခိုင်နှုန်းသို့ ကျဆင်းကြောင်း တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့ပါကြောင်း။

ယင်းရလဒ်ကောင်းကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လိုပါကြောင်း၊ မိမိတို့ဒေသများတွင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အထူးအရေးကြီးသည့်ဒေသဖြစ်ခြင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုမပါဘဲ ဆောင်ရွက်ရန် အခက်အခဲရှိခြင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စများတွင်လည်း နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် (International Co-operation and Coordination) လိုအပ်သည့်အတွက် နိုင်ငံတော်က ဦးစီးဆောင်ရွက်ပံ့ပိုးကူညီပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့အပြင် ဥပဒေပြုအာဏာခွဲဝေရေးကဏ္ဍနှင့် စပ်လျဉ်း၍ အောက်ပါအချက်ကိုလည်း အကြံပြုတင်ပြလိုပါကြောင်း၊ လွှတ်တော်များက ချမှတ်လိုက်သည့် ဥပဒေအရပ်ရပ်သည် မှန်ကန်မှုရှိရန်နှင့် တိကျစွာ အကောင်အထည်ဖော်နိုင်ရန် အထူးလိုအပ်သည့်အတွက် လွှတ်တော်အဆင့်ဆင့်က ချမှတ်ပြဋ္ဌာန်းလိုက်သည့်ဥပဒေများ ထိရောက်မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် စိစစ်ဖော်ထုတ်သည့် အချိန်ပြည့်ကော်မတီတစ်ရပ် အခိုင်အမာထားရှိရန်အတွက် ဥပဒေတစ်ရပ် ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အထူးအကြံပြု

ဆက်လက်၍ အထူးအကြံပြုချက်အနည်းငယ်ကို တင်ပြလိုပါကြောင်း၊ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံကို တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ် ခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲသည် 'သမ္မတ'ဖြစ်ပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို သမ္မတဦးဆောင်အုပ်ချုပ်သည့်စနစ်နှင့် လျှောက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း။

အနာဂတ်နိုင်ငံတော်၏ သမ္မတဦးဆောင်မှုအောက်တွင် မိမိတို့ တိုင်းရင်းသားညီအစ်ကိုများသည် ဒို့တာဝန်အရေး (၃)ပါးဖြစ်သည့်–

ပြည်ထောင်စု မပြိုကွဲရေး၊

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

ဆိုသည့် အချက်များကို ဦးထိပ်ပန်ဆင်ပြီး အတူတကွ လက်တွဲညီညီနှင့် ချီတက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်သမ္မတက တာဝန်ခံရသကဲ့သို့ နိုင်ငံတော်အတွင်းမှာ တည်ရှိသည့် တိုင်းဒေသကြီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တာဝန်ယူဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်သမ္မတနှင့် သဟဇာတဖြစ်မှု၊ မိမိဒေသဖွံ့ဖြိုးရေးကို လိုလိုလားလားဖြင့် ဆောင်ရွက်ပေးလိုမှုနှင့် တိုက်ရိုက်သက်ဆိုင်နေပါကြောင်း။

ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်ခန့်ထားရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိကြသည့် ပြည်သူများက တိုက်ရိုက် ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များထဲက ဖြစ်မှသာ ပိုမိုသင့်လျော်ဆီလျော်မည်ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်တစ်ခုလုံးကို တာဝန်ယူရသည့် နိုင်ငံတော်သမ္မတအနေဖြင့်လည်း ယုံကြည်စိတ်ချရသူ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့်မီသူ၊ ဒေသခံပြည်သူများက ယုံကြည်လေးစားသူနှင့် ထောက်ခံသူဖြစ်ရန် စိစစ်ရွေးချယ်ရန်လည်း အရေးကြီးပါကြောင်း။

ထို့အပြင် ပြည်ထောင်စုပုံစံနှင့် ဒီမိုကရေစီကျင့်သုံးမှုစနစ် ပိုမိုပေါ်လွင်စေရန်အတွက် ဖြစ်နိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရှိ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အများစုက သဘောတူရွေးချယ်ခြင်းခံရသူဖြစ်ရန်လည်း လိုပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပြီး အမည်စာရင်းတင်သွင်းသော သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသည့် ကိုယ်စားလှယ်ကို ဦးစားပေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် မူတစ်ခုအဖြစ် ထည့်သွင်းချမှတ်နိုင်ရန် အကြံပြုတင်ပြအပ်ပါသည်"ဟု အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီများနှင့် ညီလာခံအစုအဖွဲ့အချို့မှ ညီလာခံကိုယ်စားလှယ်များက တင်သွင်းလာသည့် အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့၏ တွေ့ရှိချက်များကို ကောက်နုတ်စုစည်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းအကြံပြုချက်စာတမ်းများကို လေ့လာသုံးသပ်ကြည့်လျှင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအတိုင်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ကိုယ်စားလှယ်အစုအဖွဲ့များက ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ ယင်းသို့ ထောက်ခံဆွေးနွေးသွားသည်များရှိသကဲ့သို့ အချို့ကိုယ်စားလှယ်များက ဖြည့်စွက်အကြံပြုသွားသည်များလည်းရှိပါကြောင်း၊ အချို့ကလည်း ရှင်းလင်းတင်ပြချက်ပါကဏ္ဍအချို့ကို ဆွေးနွေးတင်ပြခြင်းမပြုသည်ကိုလည်း တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် ညီလာခံ စုံညီအစည်းအဝေးများမှာ ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ထည့်သွင်းရန် လျော်ကန်သင့်မြတ်ကြောင်း သုံးသပ်ရရှိလျှင် ယင်းအကြံပြုချက်များနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ သဘာပတိအဖွဲ့များကတစ်ဆင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ သဘောထားများကို ရယူခဲ့ပါကြောင်း။

ယခုလည်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် အစုအဖွဲ့အသီးသီးက အကြံပြုချက်များအနက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ထည့်သွင်းချမှတ်သင့်သည့် ကောင်းမွန်သင့်မြတ်သော အကြံပြုချက်များကို သဘာပတိအဖွဲ့များကတစ်ဆင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို ရယူနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်သင့်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ရန်ကုန်ရောက် နွားထိုးကြီးမြို့နယ် မိသားစုများ၏ ပထမအကြိမ် သံဃာတော်များနှင့် သက်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ဗဟန်း(၃)လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ သံယုတ်ကျောင်းတိုက်၌ ကျင်းပစဉ်။ (က-ပ)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယစစ်ထောက်ချုပ် ဗိုလ်မှူးကြီးတင်ရွှေတို့သည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေး အဖွဲ့-အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် အဖွဲ့ဝင်များဖြစ်ကြသော တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိက အချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ (အောက်ပုံ)

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

နွေရာသီစစ်တုရင်သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ကကြီးမှူး၍ နွေရာသီစစ်တုရင်သင်တန်းများဖွင့်လှစ်မည်ဖြစ်ရာ အခြေခံသင်တန်းကို မတ် ၁၄ရက်မှ ဧပြီ ၈ရက်အထိနှင့် အဆင့်မြင့်သင်တန်းကို ဧပြီ ၁၈ရက်မှ မေ ၁၃ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ကွင်း)တွင် နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ ကျောင်းသားလူငယ် (ကျား/မ)မရွေးတက်ရောက်နိုင်ပြီး မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်သို့ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ဘုရှ်ကို နံပါတ်တစ် အကြမ်းဖက်သမားအဖြစ် ဂျာမန်ပြည်သူများရှုတ်ချ ဆန္ဒပြ

မိန်း‌ဇ် (ဂျာမနီ) ဖေဖော်ဝါရီ ၂၆

ဂျာမနီနိုင်ငံသို့ အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ် လာရောက်မှုကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲတစ်ရပ်ကို မိန်းဇ်မြို့တွင် ဗုဒ္ဓဟူးနေ့ကပြုလုပ်ရာ "ဘုရှ်အိမ်ပြန်တော့"၊ "စစ်ပွဲဖန်တီးသူဘုရှ်ကိုအလိုမရှိ"၊ "ဘုရှ်နံပါတ်တစ် အကြမ်းဖက်သမား" စသည့် ပိုစတာများကို ကိုင်ဆောင်လျက် လူပေါင်း ၁၂၀၀၀ ခန့် ပါဝင်ဆန္ဒပြခဲ့ကြသည်။

၂၀၀၃ ခုနှစ်တွင် အီရတ်စစ်ပွဲဖြစ်ပွားခဲ့ပြီးချိန်နောက်ပိုင်း ဂျာမနီနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် ဘုရှ်၏ ခရီးစဉ်ကို မိန်းဇ်မြို့သူမြို့သားများက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ဂျာမန်ပြည်သူများသည် အီရတ်နိုင်ငံအား အမေရိကန်က ဦးဆောင်တိုက်ခိုက်ခြင်းကို ထောက်ခံခြင်းမရှိကြပေ။

မုန်းတီး

ဘုရှ်စတင်ခဲ့သော အီရတ်စစ်ပွဲတွင် အရပ်သားထောင်ပေါင်းများစွာအသက်ဆုံးရှုံးခဲ့ကြရသဖြင့် ဘုရှ်ကို မိမိမုန်းတီးကြောင်း ဆန္ဒပြသမားတစ်ဦး ဖြစ်သည့် အသက် ၄၉ နှစ်အရွယ်ရှိ ကွန်ပျူတာနည်းပညာရှင်တစ်ဦးဖြစ်သူ သောမတ်စ်အိုဒင်ဝယ်လာက ပြောကြားသည်။

ဟစ်ကြွေး

ဆီးနှင်းများ သည်းထန်စွာကျရောက်ကာ အလွန်အမင်း ချမ်းအေးလှသည့် ဥတုကို အမှုမထားဘဲ ဆန္ဒပြပွဲတွင် ပါဝင်သူများက ဘုရှ်အား ရှုတ်ချသည့် ကြွေးကြော်သံများကိုလည်း ဟစ်ကြွေးခဲ့ကြသည်။ ဘုရှ်သည် ကမ္ဘာကြီးကို ဗုံးကြဲကာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်အောင် ပြုလုပ်နိုင်မည်ဖြစ်သော်လည်း ငြိမ်းချမ်းရေးကိုမူ တည်ဆောက်နိုင်သူ မဟုတ်ကြောင်း၊ ဘုရှ်သည် နံပါတ်တစ် အကြမ်းဖက်သမားဖြစ်ကြောင်း ဆန္ဒပြသမားများက ပြောကြားကြသည်။

လူဦးရေ သုံးသိန်းခန့် နေထိုင်ရာ မိန်းဇ်မြို့တွင် ယခုကဲ့သို့ လူများစွာ ပါဝင်ဆန္ဒပြခြင်းသည် မိမိတို့မြို့တွင် ပေါ်ပေါက်ခဲ့ဖူးသမျှ ဆန္ဒပြပွဲများအနက် အကြီးကျယ်ဆုံး ဆန္ဒပြပွဲအဖြစ် ရောက်ရှိစေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဟွန်ဒိုင်းမော်တော်ကား ကုမ္ပဏီမှထုတ်လုပ်သော အင်အက်ဖ်ဆိုနာတာကားအား တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဈေးကွက်တင်ပြသထားသည်ကို ဖေဖော်ဝါရီ ၂၆ရက် ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားနည်းပညာ ငြိမ်းချမ်းစွာ အသုံးပြုမှုကို မည်သည့်အခါမျှ စွန့်လွှတ်မည်မဟုတ်ဟု အီရန်သမ္မတပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၂၆

နျူကလီးယား နည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်မည့် အခွင့်အရေးကို အီရန်အစိုးရက မည်သည့်အခါမှ စွန့်လွှတ်မည်မဟုတ်ဟု အီရန်သမ္မတခါတာမီက ဗုဒ္ဓဟူးနေ့က ထုတ်ဖော်ပြောကြားကြောင်း အစိုးရအာဘော်အိုင်အာအင်အေ သတင်းဌာနက ဖော်ပြသည်။

အဆင်သင့်ရှိ

နျူကလီးယားဆိုင်ရာ ဆွေးနွေးမှုများ အရှိန်နှေးကွေးစွာ ကျင်းပ ပြုလုပ်နေသော်ငြားလည်း ယင်းဆွေးနွေးပွဲမှ ပေါ်ထွက်လာမည့် ရလဒ်အပေါ် ခါတာမီက အကောင်းမြင်သဘောထားဖြင့် ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ဥရောပဒေသနည်းတူ အခြားနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးရန် အဆင်သင့် ရှိကြောင်းကိုလည်း ပြောကြားသည်။

ပိုမိုခံစား

အမေရိကန်အစိုးရ၏ ဖိအားပေးမှုများအား ဥရောပနိုင်ငံသားများက လက်လျှော့အရှုံးပေးရန် ဆုံးဖြတ်ပါက ၎င်းတို့အနေဖြင့် အီရန်နိုင်ငံသားများထက် ပိုမိုခံစားနိုင်ကြမည် ဖြစ်ကြောင်း ခါတာမီက ပြောကြားသည်။

အမေရိကန်အစိုးရက အီရန်အား တိုက်ခိုက်ရန် အဆင်သင့်မရှိကြောင်း သမ္မတဘုရှ်က အင်္ဂါနေ့က ပြောကြားခဲ့ကြောင်း၊ အမေရိကန်အစိုးရက လက်ခံနိုင်စရာမရှိသည့် ဝေဖန်ပြောကြားမှုများ ပြုလုပ်နေသည်ကို ၎င်းတို့ကိုယ်တိုင် သိရှိနားလည်လာပြီ ဖြစ်ကြောင်း ခါတာမီက ပြောကြားသည်။

ဆုံးဖြတ်ထား

အမေရိကန်အစိုးရက ဖောက်ပြန်သည့်လုပ်ရပ် လုပ်ဆောင်ခဲ့ပါက အီရန်အစိုးရက ကြီးမားသည့်တန်ဖိုး ပေးဆပ်နိုင်စေရန် ဆုံးဖြတ်ထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်က အီရန်အား တိုက်ခိုက်နိုင်မှု အလားအလာသည် နည်းပါးလှကြောင်း၊ သို့ရာတွင် အီရန်အစိုးရနှင့် ပြည်သူလူထုက အမေရိကန်၏ ဖောက်ပြန်သည့် လုပ်ရပ်အပေါ် ယူကျုံးမရဖြစ်စေရန် ပြုလုပ်မည်ဟု ခါတာမီက ထပ်လောင်းပြောကြားသည်။

အီရန်အစိုးရက ယူရေနီယံ သန့်စင်မှု လုပ်ငန်းကိုလွန်ခဲ့သည့် နိုဝင်ဘာလကတည်းက ရပ်ဆိုင်းပြီးသည့်နောက် နျူကလီးယားပြဿနာနှင့် ပတ်သက်၍ ဥရောပသမဂ္ဂနှင့် သုံးကြိမ် ဆွေးနွေးညှိနှိုင်းပြီးခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားဘုရင်၏ တရုတ်နိုင်ငံခရီးစဉ် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်မည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၅

တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်မည့် မလေးရှားဘုရင် တွန်ကူးဆီယက်ဆီရာဂျူဒင်၏ ခရီးစဉ်သည် နှစ်နိုင်ငံအပြန်အလှန်ယုံကြည်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့ကို မြင့်မားတိုးတက်စေမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ဆိုင်ရာ တရုတ်သံအမတ်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ထူးခြားအရေးပါ

မိမိတို့နှစ်နိုင်ငံ ပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရာတွင် တရုတ်ပြည်သို့ အလည်အပတ် သွားရောက်မည့် မလေးရှားဘုရင်၏ ခရီးစဉ်က ထူးခြားအရေးပါမည်ဖြစ်ကြောင်း သံအမတ်ကြီးဝန်ချွန်ဂီက မလေးရှား ဘာသာမား သတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

မလေးရှားဘုရင်နှင့် ကြင်ရာတော်တို့သည် တရုတ်နိုင်ငံသို့ သွားရောက်မည့် ရက်သတ္တပတ်ကြာ ခရီးစဉ်အတွင်း မြို့တော်ပေကျင်း၊ ကျီယန်နှင့် ရှန်ဟိုင်းမြို့တို့သို့ အလည်အပတ်ရောက်ရှိမည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အသိုက်အဝန်းနှင့် နိုင်ငံတကာ အသိုက်အဝန်းတို့အတွင်း မလေးရှားနိုင်ငံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း တရုတ် သံအမတ်ကြီးက ပြောကြားသည်။

တရုတ်နှင့် မလေးရှားနိုင်ငံတို့သည် ၁၉၇၄ ခုနှစ် မေလတွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ချိန်မှစ၍နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇမ်ဘီယာသတ္တုတွင်း၌ မတော်တဆမှုဖြစ်ပွား

လူဆာကာ ဖေဖော်ဝါရီ ၂၆

ဇမ်ဘီယာနိုင်ငံ ကစ်ဝီကြေးနီမြို့ရှိ မိုပါတီကြေးနီမိုင်း မတော်တဆ ဖြစ်ပွားသဖြင့် သတ္တုတွင်းလုပ်သားလေးဦး သေဆုံးမည်ဟု စိုးရိမ်နေရကြောင်း ဇမ်ဘီယာသတင်းဌာနက စနေနေ့တွင် ကြေညာသည်။

သောကြာနေ့ကမိုပါတီကြေးနီသတ္တုတွင်းတွင် မတော်တဆဖြစ်ပွားသည်ကို ဇမ်ဘီယာသတ္တုတွင်း အလုပ်သမားသမဂ္ဂဥက္ကဋ္ဌ စင်ဒရူးအမ်ဝမ်ဇာက အတည်ပြုပြောကြားပြီး ဝမ်းနည်းစရာအဖြစ်အပျက်တစ်ခု ဖြစ်သည်ဟုလည်း ထုတ်ဖော်ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဂျပန်နိုင်ငံတိုကျိုမြို့ရှိ အမီရိုကိုကုန်တိုက်တွင် သားငါးဝယ်ယူသူများနှင့် စည်ကားနေသည်ကို ဖေဖော်ဝါရီ ၂၆ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သုတေသနနှင့် တီထွင်ထုတ်လုပ်မှု လုပ်ငန်းဖြင့် တရုတ်တွင် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုတိုးမြှင့်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၆

တရုတ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့သည် လွန်ခဲ့သည့် သုံးနှစ်က နို့ထွက်ပစ္စည်းလုပ်ငန်းအတွက် သုတေသနနှင့် တီထွင်မှုပြုရန် ယွမ် ၄၀၅ သန်း (အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၈ သန်း) ကို သုံးစွဲခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ထိုရင်းနှီးမြှုပ်နှံမှုသည် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင် ၁၅ ရာခိုင်နှုန်းတိုးတက်စေပြီးလယ်သမားများအတွက် ထပ်တိုးဝင်ငွေယွမ် ၅ ဒသမ ၉၁၈ ဘီလီယံ ရရှိစေခဲ့သည်ဟု ၎င်းက ပြောကြားသည်။

နို့ထွက်ပစ္စည်းလုပ်ငန်း၏ အဓိက နည်းပညာဆိုင်ရာ စီမံကိန်းသည် ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခဲ့ပြီးသည့်နောက်ပိုင်း အကြီးဆုံးနှင့် ကုန်ကျစရိတ် အများဆုံး ဖြစ်ကြောင်း စီမံကိန်းကြီးကြပ်သူ ဂူစီဝေက ပြောကြားသည်။

ဆွဲဆောင်နိုင်

၂၀၀၂ ခုနှစ်ကစပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် သုတေသနနှင့် တီထွင်ထုတ်လုပ်မှုလုပ်ငန်း ၂၆ ခုအတွက် လုပ်ငန်းလေ့လာခေါ်ယူခဲ့ရာ နိုင်ငံတွင်းရှိ ထိပ်တန်းနို့ထွက်ပစ္စည်းလုပ်ငန်း ၁၀ ခု အပါအဝင် ကုမ္ပဏီ၊ တက္ကသိုလ်နှင့် သုတေသနဌာနပေါင်း ၇၆ ခုတို့ကို ဆွဲဆောင်နိုင်ခဲ့သည်။

၂၀၀၂ ခုနှစ်တွင် တရုတ်နိုင်ငံ၌ လူတစ်ဦးကျ ပျမ်းမျှအသားစားနှုန်းမှာ ၅၁ ဒသမ ၁၇ ကီလိုဖြစ်ပြီး ကြက်သားစားသုံးနှုန်းမှာ ၁၆ ဒသမ ၁ ကီလိုဖြစ်သည်။ ယင်းစားသုံးနှုန်း နှစ်ခုစလုံးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စားသုံးနှုန်းနှင့် အလားတူမျှဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင်လူတစ်ဦးကျနို့ထွက်ပစ္စည်းစားသုံးနှုန်းမှာ ၁၀ ဒသမ ၅၅ ကီလိုဖြစ်ပြီး ကမ္ဘာ့ပျမ်းမျှစားသုံးနှုန်းနှင့် နှိုင်းယှဉ်သော် များစွာကွာခြားလျက်ရှိသည်။

တရုတ်နိုင်ငံတွင် ကျွဲ၊ နွားမွေးမြူရေး လုပ်ငန်းအတွက် အရင်းအမြစ်များများစွာရှိသော်လည်း နို့ထွက်ပစ္စည်းလုပ်ငန်း တည်တံ့စေရန်အတွက် သုတေသနနှင့် နည်းပညာပံ့ပိုးမှု ကင်းမဲ့လျက်ရှိသည်။

နို့ထွက်ပစ္စည်းလုပ်ငန်း တိုးတက်စေရေးအတွက် သိပ္ပံနည်းကျ နည်းပညာဆိုင်ရာ နည်းလမ်းတစ်ရပ် တည်ထောင်ရန် ရည်ရွယ်ထားကြောင်း ဂူကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနှင့် ပါကစ္စတန် ကုန်သွယ်ရေးဆွေးနွေးပွဲကျင်းပ

နယူးဒေလီ ဖေဖော်ဝါရီ ၂၆

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့၏ နှစ်ရက်ကြာ ကုန်သွယ်ရေး ဆွေးနွေးပွဲမှာ ဗုဒ္ဓဟူးနေ့က ပြီးဆုံးသွားသည်။အဆိုပါ ကုန်သွယ်ရေးဆွေးနွေးပွဲတွင် အကောက်ခွန်နှင့် မသက်ဆိုင်သော ကုန်သွယ်ရေးအတားဆီးများ လျှော့ချနိုင်ရေးနှင့် အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်ရေးအတွက် လေ့လာရေးအဖွဲ့နှစ်ဖွဲ့ ထူထောင်ဖွဲ့စည်းလိုက်ကြသည်။

ကက်ရှ်မီးယားဒေသတွင် နှစ်နိုင်ငံကူးသန်းသွားလာနိုင်မည့် ဘတ်စ်ကားခရီးစဉ်ဖွင့်လှစ်ရန် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည်လွန်ခဲ့သည့် ရက်သတ္တပတ်က သမိုင်းတွင်မည့် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြပြီးနောက် ကုန်သွယ်ရေးဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။ အိန္ဒိယနှင့်ပါကစ္စတန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလေ့လာရေးအုပ်စုက ကြီးမှူးကျင်းပသော ကုန်သွယ်ရေးဆွေးနွေးပွဲတွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး အလစ်အင်နဲမီနွန်နှင့် ပါကစ္စတန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဇက်စ်နင်းနူရာနီတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြကြောင်း အင်ဒိုအေးရှားသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမျိုးသားရေးအကျိုး ရှေးရှုထမ်းဆောင်နေသော အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများ

အောင်မိုးစံ

လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ဖြစ်ပေါ်တိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှုဟာ လူပုဂ္ဂိုလ်ကိုးကွယ်ရေးနဲ့ မဆိုင်ပါ။ ကိုင်စွဲကျင့်သုံးတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုလမ်းစဉ် မှန်-မမှန်ဆိုတာနဲ့သာ သက်ဆိုင်ပါတယ်။ ကိုင်စွဲကျင့်သုံးတဲ့ လမ်းစဉ်မှားရင် လူ့အဖွဲ့အစည်း ဆုတ်ယုတ်ကျဆင်းပြီး ကိုင်စွဲကျင့်သုံးတဲ့ လမ်းစဉ်မှန်ရင် တိုးတက်ဖြစ်ပေါ်လာမယ်။ **"မှန်တဲ့လမ်းစဉ်တစ်ရပ်ကို ဘယ်လို ခွဲခြားရွေးချယ်နိုင်မလဲ။ အတွေ့အကြုံဟာ ဆင်ခြင်တုံတရားလည်းဖြစ်တယ်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုလည်းဖြစ်တယ်။ အသိအမြင် ဆင်ခြင်ဉာဏ်လည်းဖြစ်တယ်။ အလုပ်လမ်းညွှန်လည်း ဖြစ်တယ်။ ဒါကြောင့် ဘယ်အရာမှာမဆို ကြွယ်ဝရင့်ကျက်တဲ့ အတွေ့အကြုံနဲ့သာ အမှန်တရား(မှန်တဲ့လမ်းစဉ်) ကို ရွေးချယ်ကျင့်သုံးနိုင်မယ်ဖြစ်တယ်။"** "မှန်တဲ့လမ်းစဉ်တစ်ရပ်ရှိရုံနဲ့ တိုက်ရိုက်အောင်ပွဲခံရမယ်လို့ အဓိပ္ပာယ်မရပါ။ မှန်တဲ့လမ်းစဉ်ဟာ အောင်ပွဲကိုလိုလားတဲ့ ဆန္ဒသာဖြစ်ပါတယ်။ အဲဒီမှန်တဲ့ လမ်းစဉ်ကို မှန်တဲ့လုပ်နည်းလုပ်ဟန်တွေနဲ့ အကောင်အထည်ဖော်နိုင်မှသာ အောင်ပွဲခံနိုင်မယ်"လို့ လူမှုသိပ္ပံပညာရှင်တွေက ဆိုပါတယ်။

၁၉၈၈ ခုနှစ် အရေးအခင်းမှာ မင်းမဲ့စရိုက်ဆိုးတွေ ဝင်လာပြီး သူတစ်လူငါတစ်မင်းနဲ့ နိုင်ငံတော်ပြိုကွဲတော့မယ့် အန္တရာယ်ကြုံလာတဲ့အခါ ဘယ်အဖွဲ့အစည်း၊ ဘယ်နိုင်ငံရေးပါတီအင်အားစု၊ ဘယ်လူပုဂ္ဂိုလ် ကြီးငယ်ကမျှ ဝင်ရောက်ထိန်းသိမ်းနိုင်စွမ်းမရှိတော့တဲ့အတွက် အတွေ့အကြုံ ရင့်ကျက်ခိုင်မာပြီး စည်းကမ်းအရှိဆုံး အမျိုးသားတပ်မတော်ကသာ ဝင်ရောက်ထိန်းသိမ်းခဲ့ရတယ်။ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်လာခဲ့ရတယ်။

အဲဒီလို နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ သမိုင်းအတွေ့အကြုံများအပေါ် သင်ခန်းစာရယူပြီး နိုင်ငံတော်ကို လက်ဝဲစွန်း၊ လက်ယာစွန်းချောက်ကမ်းပါးထဲ မကျရောက်ရအောင် ကြိုးပမ်းထမ်းဆောင်လာခဲ့တယ်။ ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ နိုင်ငံတော်ကို ထူထောင်လာခဲ့ကြတယ်။ ဒီအပေါ် လက်ဝဲစွန်း၊ လက်ယာစွန်း အဆိုမြင်ဝါဒီတွေက ဆန့်ကျင်လာခဲ့တယ်။ ဒါပေမယ့် တပ်မတော်အစိုးရဟာ နိုင်ငံတော်ကို မနားမနေ ထူထောင်လာနိုင်တဲ့အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နဲ့ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို ရရှိလာတယ်။ နိုင်ငံလည်း ဘယ်ခေတ်၊ ဘယ်အခါနဲ့မျှ မတူအောင် ပြောင်းလဲတိုးတက်လာတယ်။ ဒီကနေ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာမှာ ပထမအခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပလာနိုင်ခဲ့ပါတယ်။ အခုလို ဆက်လက်ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးကို တစ်ချိန်က ရွေးကောက်ပွဲမှာ အများစုအရွေးချယ်ခံရတဲ့ ပါတီအဖွဲ့အစည်း အပါအဝင် အရွေးချယ်ခံရသော ပါတီ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်းသဘောတူမှုယူပြီး ကျင်းပခဲ့တာဖြစ်ပါတယ်။ စတင်ကျင်းပခဲ့စဉ်က ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် တစ်မျိုးသားလုံးကိုယ်စား လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ အလွှာရှစ်လွှာမှ ကိုယ်စားလှယ်တွေဟာ စိတ်တူကိုယ်တူ တက်ရောက်ခဲ့ကြပြီး အခြေခံမူကြီး(၁၀၄)ချက်ကို တညီတညွတ်တည်း ချမှတ်ခဲ့ကြပါတယ်။ ဒီနောက်ပိုင်း ရွေးချယ်ခံရတဲ့ ပါတီအဖွဲ့အစည်းအချို့ဟာ ပြည်ပပယောဂ ပူးဝင်လာပြီး မူလပင်ကိုသဘောထားကို လုံးဝပစ်ပယ်ကာ အမျိုးသားညီလာခံကြီးကို ဆန့်ကျင်လာခဲ့ကြပါတယ်။ အဆိုးမြင်ဝါဒကျင့်သုံးလာခဲ့ပါတယ်။ ဒီအပေါ် အခွင့်အကောင်းထပ်ယူကာ ပြည်ပနိုင်ငံကြီး အချို့က သူတို့ဩဇာခံ သတင်းဌာနတွေနဲ့ ပူးပေါင်းပြီး မြန်မာပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လာခဲ့ပါတယ်။ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်းကိုလည်း အမျိုးမျိုး သွေးထိုးလုပ်ကြံလာခဲ့ကြပါတယ်။

ဒါပေမယ့် တစ်မျိုးသားလုံး လိုလားတောင့်တနေတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ အမျိုးသားညီလာခံကြီးကို အမျိုးသားရေးအားမာန်နဲ့ ပိုမိုစည်းလုံးခိုင်မာစွာ ဆက်လက်ကျင်းပလာခဲ့ပါတယ်။ အမျိုးသားညီလာခံကြီးမှာ တက်ရောက်နေတဲ့ ကိုယ်စားလှယ် ၆၀၀ ကျော်တို့ဟာ တိုင်းရင်းသားလူမျိုးအားလုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ ပြည်နယ်၊ တိုင်းအသီးသီးက မြို့နယ်အားလုံးကို ကိုယ်စားပြုနေတာလည်း ဖြစ်ပါတယ်။ အခြားသော လူထုလူတန်းစားအလွှာများက ကိုယ်စားလှယ်များ၊ အတတ်ပညာရှင်၊ အသိပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးဆိုင်ရာ အတွေ့အကြုံရင့်ကျက်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေဟာ အသက် ၅၀ ဝန်းကျင်၊ ၆၀ ကျော်၊ ၇၀ ဝန်းကျင်အထိ ဖြတ်သန်းလေ့လာဆည်းပူးခဲ့ကြတဲ့ သမိုင်းအတွေ့အကြုံ၊ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝသူများ ဖြစ်ကြပါတယ်။ ဒ့ါအပြင် အဆင့်မြင့်ပညာရပ်မှာ မဟာဘွဲ့ အဆင့်အထိရရှိသူများ၊ ဘွဲ့ရရှိသူများ အများအပြားပါဝင်ပါတယ်။ အခုလို ဘက်စုံထောင့်စုံ အတွေ့အကြုံ အရည်အချင်း၊ အတတ်ပညာ၊ အသိပညာအရည်အချင်းစုံညီတဲ့ ကိုယ်စားလှယ်တော်ကြီးများဟာ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးခံယူချက် ပြည့်ဝတဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ဘယ်လိုသွေးထိုးဖြိုခွဲမှု၊ ဘယ်လိုမှိုင်းတိုက် သပ်လျှိုမှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားလွန်မြောက်နိုင်တဲ့ ဒေါင်ဒေါင်မြည် ကိုယ်စားလှယ်တော်ကြီးများဖြစ်ပါတယ်။ ဒါကြောင့်လည်း တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ညီလာခံကိုယ်စားလှယ်တော်ကြီးတွေဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေး တာဝန်ကြီးကို မပျက်မကွက် ထမ်းဆောင်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရေးစံဖြစ်သလို အမျိုးသားရေးစွမ်းပကားလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဇန်နဝါရီလ ၂၃ ရက်နေ့က ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒဂုံရိပ်သာမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ကချင်ပြည်နယ် အထူး ဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်း၊ အတွင်းရေးမှူး ဒေါက်တာလဂျာ၊ ငြိမ်းချမ်းရေး အကျိုးဆောင်များ ဖြစ်ကြသော ဒေါက်တာဇော့ဂျွမ်၊ ဦးခွန်မြတ်တို့အား လက်ခံတွေ့ဆုံစဉ်မှာ **"အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်နိုင်မည့် တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့် အခြေခံမူများကို ဆွေးနွေးချမှတ်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက အသေးစိတ် အခြေခံမူများ ချမှတ်ပေးပြီးနောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထားဆန္ဒခံယူအတည်ပြုရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေးစသည့် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ကြရဦးမည် ဖြစ်ကြောင်း"** ပြောကြားခဲ့ပါတယ်။

ဒီအမျိုးသားညီလာခံကြီးက အမြော်အမြင် ဆင်ခြင်ဉာဏ်ပြည့်ဝစွာနဲ့ အမျိုးသားရေးတာဝန်ကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်သွားမယ် ဖြစ်ပါတယ်။ ဒီကနေ့ ဒီမိုကရေစီ ထူထောင်ကူးပြောင်းလာကြတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြည်ပက ဝင်ရောက်စွက်ဖက်မှုကြောင့် ပြိုကွဲပျက်စီးခဲ့ရမှုတွေ၊ အချို့ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ပြည်ပက အင်အားသုံးကျူးကျော်မှုကြောင့် အပြစ်မဲ့ပြည်သူတွေ နေ့စဉ်သေပွဲဝင်နေရတဲ့ အဖြစ်ဆိုးတွေကိုလည်း မျက်မြင်ကိုယ်တွေ့ လေ့လာသုံးသပ်ဆင်ခြင် သတိချပ်နိုင်လို့ပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ပနိုင်ငံကြီးတွေက ဩဇာခံပြုရေးအတွက် တစ်ပါးပြည်တွင်းရေးကို ဘယ်လိုဝင်ရောက်စွက်ဖက်လာနိုင်တယ်၊ ဘယ်လိုသွေးထိုး ဖြိုခွဲလာနိုင်တယ် ဆိုတာတွေကိုလည်း ကြိုတင်တွက်ဆသိမြင်ထားကြလို့လည်း ဖြစ်ပါတယ်။

ယနေ့အခါမှာ အနောက်နိုင်ငံကြီးတစ်နိုင်ငံဟာ နိုင်ငံတကာပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်အောင် နိုင်ငံ့ဘတ်ဂျက်တွင် အသုံးစရိတ်ကို တရားဝင် ထည့်သွင်းသတ်မှတ်ထားပြီး ဒီမိုကရေစီရေး အထောက်အကူပြုဖို့လို့ အကြောင်းပြလျက် နိုင်ငံများစွာရှိ အတိုက်အခံအဖွဲ့များ၊ ပုဂ္ဂိုလ်များ၊ သူပုန်သူကန်များကို ခွဲဝေထောက်ပံ့ပေးနေပါတယ်။ ဒီအကြောင်းကို နိုင်ငံတကာကလည်း သိရှိထားပြီး ဖြစ်ပါတယ်။

အလားတူ ဥရောပတိုက်အတွင်း တည်ထောင်ထားသော ရေဒီယိုဖရီးယူရုပ် (RFE)ခေါ် လွတ်လပ်သော ဥရောပရေဒီယို၊ ရေဒီယိုလစ်ဘရေးရှင်း(ခေါ်) လွတ်လပ်ရေးရေဒီယိုတို့ဟာ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ကို ထိုးနှက်ဖြိုခွဲဝါဒဖြန့် မှိုင်းတိုက်ဖို့ အဲဒီအနောက်နိုင်ငံကြီးကပဲ ထောက်ပံ့တည်ထောင်ထားတာဖြစ်ပါတယ်။ လက်တင်အမေရိကန်နိုင်ငံများရှိ ဆိုရှယ်လစ်အစိုးရများ၊ လက်ဝဲယိမ်းအဖွဲ့အစည်းများကို ထိုးနှက်ဖို့ ရေဒီယိုဆွမ်း၊ ရေဒီယိုဟိုဆေမာတီ၊ တီဗွီမာတီတို့ကို စီအိုင်အေကပင် တည်ထောင်ထားတယ်။ အာရှဒေသက ဆိုရှယ်လစ်နိုင်ငံများနဲ့ အနောက်ရဲ့ဩဇာမခံသော အမျိုးသားရေးဝါဒီအစိုးရများကို ထိုးနှက်တိုက်ခိုက်ဖို့ မမှန်သတင်းတွေနဲ့ မှိုင်းတိုက်သွေးခွဲသော RFA (ခေါ်) လွတ်လပ်သော အာရှရေဒီယို၊ ကွန်-၄ အသံလွှင့်ဌာန၊ ဒီဗွီဘီအသံလွှင့်ဌာနတို့ကိုလည်း အနောက်အဖွဲ့အစည်းတွေကပဲ ထောက်ပံ့တည်ထောင်ပေးထားခြင်းဖြစ်တယ်။ ဘီဘီစီနဲ့ ဗွီအိုအေရေဒီယို အသံလွှင့်ဌာနများဟာလည်း အနောက်နိုင်ငံများရဲ့ ဩဇာအောက်မှာပင် ရှိနေပြီး ၎င်းတို့ ထိုးနှက်လိုတဲ့ နိုင်ငံများကို မှိုင်းတိုက်လွှင့်ထုတ်ပေးလျက်ရှိပါတယ်။

ဒီကနေ့ အမျိုးသားညီလာခံကြီးမှာ တက်ရောက်နေကြတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများဟာ အထက်တွင် ဖော်ပြခဲ့သော ကမ္ဘာ့သမိုင်းနှင့် မြန်မာ့သမိုင်းမှ သင်ခန်းစာများ၊ မျက်မှောက်နိုင်ငံတကာ အခြေအနေနှင့် မြန်မာနိုင်ငံ၏ အနေအထား၊ ပြည်တွင်းပြည်ပအဖျက်သမားများရဲ့ နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးအပါအဝင် ကိုယ်ပိုင်မီဒီယာနဲ့ ထောက်ပံ့ကူညီထားတဲ့ မီဒီယာများကိုသုံးပြီး ပူးပေါင်းလုပ်ကြံ ဖန်တီးမှုတွေကို နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင် သိမြင်ဆင်ခြင်နိုင်စွမ်းရှိပြီး အမျိုးသားရေး ခံယူချက်ပြည့်ဝစွာဖြင့် အမျိုးသားရေးအကျိုးကို ဦးလည်မသုန် ရှေးရှုထမ်းဆောင်နေသော ကိုယ်စားလှယ်တော်ကြီးများဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဖေဖော်ဝါရီ ၁၉ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၂၂) အခြေခံ ပညာ မူလတန်း မှ စတုတ္ထ တန်း ကျောင်း သူ မချစ်ဆုဟိန်း အား ကျောင်းအုပ် ဆရာမကြီး ဒေါ်အုန်းမြင့်က သိပ္ပံ(ထူးချွန်) ဆုချီးမြှင့်စဉ်။ (က-ပ)

ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်)၏ (၅၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့တော် စည်ပင်ခမ်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျိုက်ထိုမြို့နယ်သူ၊ မြို့နယ်သား အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများတက်ရောက်ကြရန် ဖိတ်ကြားထားသည်။ သက်ကြီးပူဇော်ပွဲအတွက် ဖေဖော်ဝါရီ ၂၈ ရက်တွင် အသက် (၇၅)နှစ် ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင်ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်း မိတ္တူ အထောက်အထားများဖြင့် မတ် ၉ရက်နောက်ဆုံးထား၍ အသင်း၏ နာယက ဦးကျင်ဖေ ဖုန်း-၅၅၇၇၀၉၊ နာယက ဦးပြုံး ဖုန်း-၂၄၆၅၃၀၊ ဥက္ကဋ္ဌ ဦးသိန်းညွှန့် ဖုန်း-၅၄၂၈၅၄၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃နှင့် ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၆၆၃၆၂၇ တို့ထံ ဆက်သွယ်စာရင်းပေးပို့ရန် ဖြစ်သည်။

(၅၂၉)

ဖခင်ကြီးဦးထွန်းမြင့်နှင့်မောင်လေးကိုကျော်ကျော်တို့အား ရည်စူး၍ အမှတ်-၂၇၊ ၁၅၆လမ်း၊ တာမွေကြီး က(က+ဂ)ရပ်ကွက်နေ ဦးမြင့်ဌေး-ဒေါ်ဇင်မာလွင် မိသားစုက အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဦးညွှန့်တင် (အတွင်းရေးမှူး)နှင့်ဦးညွှန့်သိန်း(အလုပ်အမှုဆောင်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - Financial Accounting
  - (ဒုတိယနှစ်-စီးပွားရေး)
  - Padalin Caves (ဒုတိယနှစ်-သမိုင်း)
- **၅:၃၀** ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၁၆)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ မေးမြန်းစူးစမ်း
  - ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ရွှေမင်းသမီး" (အပိုင်း-၇)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ဒီပလိုမာအပ်နှင်းပွဲတက်ရောက် ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်း ပုသိမ်ပညာရေးကောလိပ်၏ သတ္တမကြိမ် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၉နာရီက ပုသိမ်ပညာရေးကောလိပ် ပညာရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ပုသိမ်ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်စီစီနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ပုသိမ် ပညာရေးကောလိပ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲတွင် ဒုတိယနှစ် သင်တန်းဆင်း ၄၈၃ ဦး အနက် ၈၉ ဦးသည် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်း ဆက်လက်တက်ရောက်ခွင့်ရပြီး ၃၉၄ ဦး တို့သည် လုပ်ငန်းခွင်သို့လည်းကောင်း၊ ပထမနှစ် သင်တန်းဆင်း ၁၉၇ ဦးအနက် ၁၈၄ဦး တို့သည် ဒုတိယနှစ် သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ရပြီး ၁၃ဦး တို့သည် လုပ်ငန်းခွင်သို့လည်းကောင်း အသီးသီးဝင်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်တစ်ဆင့်တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ပုသိမ်တက္ကသိုလ်ဇီဝနည်းပညာ ဖွံ့ဖြိုးရေးဌာနသို့ သွားရောက်၍ အဆိုပါဌာန၌ တပ်ဆင်အသုံးပြုသော ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာ ၁၆မျိုး၊ အရေအတွက် ၂၃ခု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဇီဝနည်းပညာ ဖွံ့ဖြိုးရေးဌာနတွဲဖက်ပါမောက္ခ ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများက စက်ပစ္စည်းကိရိယာ အမျိုးအစား တစ်ခုချင်းအလိုက် စွမ်းရည်နှင့် အကျိုးဖြစ်ထွန်းမှု အခြေအနေများကို လိုက်လံရှင်းလင်း တင်ပြကြသည်။ အဆိုပါ ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများဖြင့် သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများအား သင်ကြားလေ့ကျင့်ပေး၍ လက်တွေ့သုတေသနလုပ်ငန်းများကို ထိရောက်အကျိုးရှိစွာ ပိုမိုလုပ်ဆောင်နိုင်ပြီး ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနအနေဖြင့် သုတေသနလုပ်ငန်းငါးမျိုး၊ အပင်နှင့် မြေဆီလွှာများမှ အကျိုးပြု အဏုဇီဝသက်ရှိများရှာဖွေ၍ ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် စမ်းသပ်ခြင်း၊ စိုက်ပျိုးရေးအတွက် အသုံးဝင်သော အဏုဇီဝသက်ရှိများကို ရှာဖွေခြင်း၊ ဆေးဖက်ဝင်အပင်များကို ရှာဖွေစုဆောင်းစိုက်ပျိုး၍ သွေးတိုး၊ လေးဖက်နာ၊ အသည်းရောဂါ၊ ဆီးချိုရောဂါများအတွက် ဆေးဝါးများထုတ်လုပ်ခြင်း၊ အဏုဇီဝသက်ရှိဖြင့် Vegetable Oils များမှ Bio Diesel ထုတ်လုပ်ခြင်း၊ အပင်ရောဂါများကို ဇီဝနည်းဖြင့်ထိန်းချုပ်နိုင်ရန် စမ်းသပ်သုတေသနပြုခြင်းကို ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ နားရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း၌ ကိုယ်ကာယလေ့ကျင့်မှုများ ပြုလုပ်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက်တွင် ကျန်းမာပျော်ရွှင်စွာ အပန်းဖြေအနားယူလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ကျင်းပလျက်ရှိသော အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့)တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ညောင်နှစ်ပင်စခန်း၌ပင် ကျန်းမာပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူလျက်ရှိကြသည်။

ထိုသို့ အပန်းဖြေလျက်ရှိရာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက်စောစောနှင့် ညနေခင်းတို့တွင် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ကြခြင်း၊ အားကစားရုံ၌ ကြက်တောင်ရိုက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက် လေ့ကျင့်ခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ အားကစားလှုပ်ရှားကြသည်။

ပျော်ရွှင်စွာအနားယူ

ထို့ပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ညနေပိုင်းတွင် ဝိုင်းဖွဲ့ခြင်းခတ်ခြင်း၊ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် ဝိုင်းဖွဲ့၍ စားသောက်ခြင်းတို့ဖြင့် ပျော်ရွှင်စွာ အနားယူ လျက်ရှိကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် သက်သာချောင်ချိရေးအရောင်းဆိုင်များက ရောင်းချပေးလျက်ရှိသော အသုံးအဆောင်ပစ္စည်းများ၊ စာအုပ်စာစောင်မှတ်စုစာအုပ်များကို ဝယ်ယူအားပေးကြသည်။

ရုပ်မြင်သံကြားကြည့်ရှု

ထို့ပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အိပ်ဆောင်များ၌ တပ်ဆင်ထားရှိသည့် ရုပ်မြင်သံကြား၊ Channel Line များမှ မိမိတို့ကြိုက်နှစ်သက်ရာ Channel Line များကိုဖမ်းယူ၍ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းနှင့် ရသစုံလင် ကြည့်ချင်ဖွယ်ရာများကိုကြည့်ရှုရင်း အပန်းဖြေအနားယူလျက်ရှိကြသည်။

(သတင်းစဉ်)

ဝယ်ယူ

အမျိုးသားညီလာခံ နားရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း၌ ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်တွင် လိုအပ်သောအသုံးအဆောင်များ ဝယ်ယူကြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သံအမတ်ကြီး ဦးညွန့်မောင်ရှိန်အား ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးညွန့်မောင်ရှိန်အား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား သူ့ကျွန်မခံပြီ ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်လျက်ရှိရာ ယမန်နေ့ ည ၇နာရီတွင် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီအောင်ခိုင်၊ အကယ်ဒမီ မေသန်းနုနှင့် အကယ်ဒမီနန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် သူ့ကျွန်မခံပြီ ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်၌ ကျင်းပရာ သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ချီးမြှင့်ခံရသော အသင်းဝင် ဦးသန်းလွင်အား အသင်းဥက္ကဋ္ဌ ဦးကျင်တီက ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ကံမြင့်ကျောင်းတိုက် အထူးတရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက်၊ သိရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် အောင်ဆန်းမြို့ အောင်ဆန်းတောရ တပ်ဦးကျောင်း ဆရာတော် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) မဟာကမ္မဋ္ဌာနာစရိယဆရာတော် ဦးသဒ္ဓမ္မကိတ္တိသာရက မတ် ၂ရက်မှ ၁၁ရက်အထိ ညစဉ် ၇နာရီတွင် ၁၀ရက်တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ ကြွရောက်တရားနာယူအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဖေဖော်ဝါရီ၂၇ရက်က ရန်ကင်းမြို့နယ် အမက(၁၄)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမော်က သူငယ်တန်း ပထမဆုရ မမြင့်မိုရ်သင်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ (ပဉ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက်။ ၆-၃-၂၀၀၅(တနင်္ဂနွေနေ့)
အချိန် ။ နံနက် (၉)နာရီ
နေရာ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက် လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများဆက်သွယ်ပါရန်
၃၇၁၃၃၉
၃၇၉၇၆၉
၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။



ရှေ့ဖုံးမှ

ယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်း းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် ကနီမြို့နယ်၊ ယင်းမာပင် ယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ခဲပြည်သူများ၊ အလောင်းတော်ကဿပဖူး လာရောက်ကြသူများ ာ်ရောက်ကြသည်။

ဖူးမြော်ကြည်ညို

အခမ်းအနားမစတင်မီ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြ နှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ရုပ်တုတော်အား ဖူးမြော် ည်ညိုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကို စတင်ကျင်းပရာ အခမ်းအနားမှူး သနာရေးဦးစီးဌာနမှ ဦးသူရက ဒေဝနိမန္တန နတ်ပင့်ဂါထာကို ဖတ်ကြား၍ ဗြဟ္မာများအား ပင့်ဖိတ်သည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များက နမောတဿ သုံးကြိမ် ဆို ဘုရားကန်တော့ပြီး သုပ္ပဋိပန္နော အစရှိသည့် သံဃာ့ဂုဏ်ဆိုင်ရာ ာတော်များကို ရွတ်ဆို၍ အလောင်းတော်ကဿပ ရုပ်တုတော်အား ာဘိသေကမင်္ဂလာ ဘိသိက်သွန်းတော်မူကြသည်။

ဆက်လက်၍ အလှူရှင်တစ်ဦးက အလောင်းတော်ကဿပ ဂန္ဓကုဋိ ျောင်းတော် တည်ဆောက်ခဲ့သည့် ဗိသုကာအင်ဂျင်နီယာများကိုယ်စား ာမှုပညာရှင် ဦးဇော်မင်းထိုက်အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြန်မာမှုပညာရှင် ဦးဇော်မင်းထိုက်က အလောင်းတော်ကဿပ ျောင်းတော်အား မူရင်းဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် ာမ်းကို ဖတ်ကြားသည်။

တောင်းပန်လွှာဖတ်ကြား

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် တည်ဆောက်ရာတွင် မသိနားမလည်၍ မှားယွင်းမှုရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များအား တောင်းပန်လွှာကို ဖတ်ကြားသည်။

ထို့နောက် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာ ဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနား အစီအစဉ်များကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အလောင်းတော် ကဿပလိုဏ်ဂူတော်၌ အလောင်းတော်ကဿပအား ရည်မှန်း၍ လိုဏ်ဂူ တော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက စောင်းရွှေတံဆိပ် ၁၁ဆုရှင် ချိုသက်တင်နှင့် တွဲဖက်၍ ထူးခြားနား သီချင်းခန့်ကို သီဆိုပူဇော်ပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရမှုတ်၍ အောင်စည်အောင်မောင်း သုံးကြိမ် တီးခတ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ ဇောတိကရာမကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့ကို သံဃာတော် အရှင်သူမြတ်များအား ဆက်ကပ်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အလောင်းတော် ကဿပတောင်တော်ရှိ စ္စာရေတွင်း ပြင်ဆင်မွမ်းမံထားမှုများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာ ဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနား၌ ဆရာတော် အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်း တို့ကို ယူဆောင်၍ အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ပရိက္ခရာရှစ်ပါးလှူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ပရိက္ခရာ ရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ ဇောတိကရာမကျောင်းတိုက် ဆရာတော်အား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့က ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူးများ၊

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋိ စံကျောင်းတော် မင်္ဂလာဘိသေက နှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနား၌ နိုင်ငံတော် ဩဝါဒါစရိယ မုံရွာမြို့ ဇောတိက ရာမကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိန္ဒထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်
အလောင်းေ

ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီး သံဃာတော်များအား ပရိက္ခရာရှစ်ပါ ကြသည်။

ဆက်လက်၍ နိုင်ငံကျော်အဆို ကို သီကျူးပူဇော်သည်။

အမျှ

ထို့နောက် နိုင်ငံတော်ဩဝါဒါ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘ တရားတော်ချီးမြှင့်တော်မူရာ ဒုတိယ စန်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားမှူး ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန် သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခ

ရွှေ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း ပေးကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယ စန်းနှင့် အဖွဲ့ဝင်များသည် အလောင်း ကြပြီး အလောင်းတော်ကဿပအာ ဆီမီးနှင့်နံ့သာတိုင်များ ထွန်းညှိပူ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြ

ထို့နောက် ဒုတိယဗိုလ်ချုပ် အဖွဲ့ဝင်များသည် အလောင်းတော်က

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိ ကဿပရုပ်တုတော်အား ရွှေသင်္ကန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနား၌ နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ ဇောတိကရာမကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ အလောင်းတော်ကဿပ ရုပ်တုတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီး ဆက်ကပ်

ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ရှစ်ဆယ်ပေါ်တေးထပ်ကို သီကျူးပူဇော်သည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ ဇောတိကရာမကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒက အနုမောဒနာနှင့် ရေစက်ချ တရားတော်ချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားမှူးက ဒေဝေါကာသကရဏ နတ်ပို့ဂါထာ ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ လိုဏ်ဂူတော်သို့ သွားရောက်ကြပြီး အလောင်းတော်ကဿပအား ရည်မှန်း၍ ပန်းဆက်ကပ်လှူဒါန်းကာ ဆီမီးနှင့်နံ့သာတိုင်များ ထွန်းညှိပူဇော်ကြသည်။ လိုဏ်ဂူတော်အားလည်း ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်သို့ ပြန်လည်

ရောက်ရှိကြပြီး အလောင်းတော်ကဿပ ရုပ်တုတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ရွှေကြာသင်္ကန်းကပ်လှူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် အလောင်းတော်ကဿပ ရုပ်တုတော်အား ရွှေကြာသင်္ကန်း ကပ်လှူကြသည်။

ပြန်လည်မွမ်းမံပြီးစီးသွားသည့် စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော်အား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အလောင်းတော်ကဿပရုပ်တုတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ရုပ်တုတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အလောင်းတော်ကဿပ ဂေါပကအဖွဲ့ ဥက္ကဋ္ဌအား အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပတောင်တော်ရှိ သစ္စာရေတွင်း ပြင်ဆင်မွမ်းမံထားမှုများကို ကြည့်ရှုကြသည်။

ထို့နောက် အောင်အရဟံသိဒ္ဓိကုဋ္ဌာသယလာဘံစေတီတော် ပတ်ဝန်းကျင်၌ မဟာဗောဓိပင်ပျိုး စိုက်ပျိုးပူဇော်ပွဲကို ငါးနေရာခွဲ၍ကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က အမှတ်(၁) မဟာဗောဓိပင်ပျိုး စိုက်ပျိုးမည့်နေရာ၌ ကျောက်မျက်ရတနာများကို ဦးစွာထည့်သွင်း၍ မဟာဗောဓိပင်ပျိုးများကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ မြေဆီဩဇာနှင့် ရေစင်ရေကောင်းများဖြင့် မဟာဗောဓိပင်ပျိုးကို သွန်းလောင်းပေးကြသည်။

အလားတူ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က အမှတ်(၂)နေရာ၌လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဝန်ကြီးများက အခြားသတ်မှတ်ထားသည့် နေရာများ၌ လည်းကောင်း မဟာဗောဓိပင်ပျိုးများကို စိုက်ပျိုးပူဇော်ပေးကြသည်။

ထို့နောက် အခမ်းအနားမှူးက အမျှဝေစာတမ်းကို ဖတ်ကြား၍ သာဓု သုံးကြိမ်ခေါ်ဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

မြန်မာ့ရုပ်မြင်သံကြာ အစီအစဉ်

၂၈-၂-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓ မဟာရဋ္ဌဂုရု၊ အဘိဓ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရ တေးသံသာ

၈း၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွ

၈း၂၀ ၈။ ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးတံတား

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ Grammar Made Eas

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၃၀ ၃။ Demonstration Exerc for Correct Pronuncia

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပည ရုပ်မြင်သံကြားသင်ခန်းစ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခ

၅း၁၅ ၆။ အကပဒေသာ

၅း၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတ

၅း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသ ရိုးရာ အဆိုအကများ

၅း၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေ

၆း၀၀ ၁၀။ Discovery.

၆း၁၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ် "မျောက်မင်းဝုခုန်း" (အပိုင်း-၇၁)**

၆း၃၀ ၁၂။ ညနေခင်းသတင်း

၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်

၇း၂၀ ၁၅။ တေးဂီတအစီအစဉ်

၇း၃၅ ၁၆။ ဇင်ပြွန်းကုန်းကျေးရွာ၏ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး

၇း၄၅ ၁၇။ အမျိုးသားညီလာခံ ဂုဏ်ပြု

၈း၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ" (အပိုင်း-၄၂)**

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၉ မှ

အလောင်းတော်ကဿပ ဂန္ဓကုဋိစံကျောင်းတော် မင်္ဂလာဘိသေကနှင့် ဒက္ခိဏောဒက မဟာဒါန မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ခင်းကျင်းစီစဉ်ပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် အလောင်းတော်ကဿပကျောင်းတော်မှ မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ခတက္ကန်တောင်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဟာဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပြင်ဦးလွင် တပ်နယ်မှူး တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ မဟာဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မဟာဗောဓိတစ်ထောင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာစုကာရီဓမ္မာရုံ တရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီ ဓမ္မာရုံ ပြုပြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ယင်းဓမ္မာရုံ၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ရက်(တနင်္လာနေ့)ညတွင် ဓမ္မဒူတ အရှင်ဝိမလ၊ မတ် ၁ရက် (အင်္ဂါနေ့) ညတွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် မတ် ၂ရက် (ဗုဒ္ဓဟူးနေ့) ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

ဗီဒီယိုဥပဒေစည်းမျဉ်းစည်းကမ်းများ မော်လမြိုင်မြို့၌ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့တို့ ကြီးမှူးကျင်းပသော ဗီဒီယိုဥပဒေစည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ် အုပ်ချုပ်ရေးမှူး မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်း၊ မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး (ရုပ်ရှင်လုပ်ငန်းစုမှူး) ဦးမင်းသူဝင်း၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်း၊ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ဗီဒီယိုလုပ်ငန်း စိစစ်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ပြည်နယ်အုပ်ချုပ်ရေးမှူး မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ဗီဒီယိုစည်းမျဉ်းစည်းကမ်းများ လိုက်နာရေးကိုလည်းကောင်း(**အပေါ်ယာပုံ**)၊ ပြည်နယ်အခွန်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဗိုလ်မှူးထွန်းထွန်းအောင်က အခွန်ပိုင်းဆိုင်ရာများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မွန်ပြည်နယ် မန်နေဂျာ ဦးသိန်းဝင်းက ရုပ်သံဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးစိုးမြင့်က အရေးယူရေးဆိုင်ရာများကိုလည်းကောင်း၊ မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးချန်ထွန်းက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေး တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအမက (၁၆) ၏ ၂၀၀၃ - ၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်က ကျင်းပရာ ဒုတိယတန်းမှ ဒုတိယဆုရရှိသူ မောင်ဟန်ထွန်းဇော်အား ကျောင်းအကျိုးတော်ဆောင် ဦးစိန်ဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၈) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကိုကို(စက်မှုတက္ကသိုလ်) စီစဉ်သည့် ဖလားဝါးနယူးစ်ဂျာနယ်တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာ-လာအို မဲခေါင်မြစ်ကူးချစ်ကြည်ရေးကြိုးတံတား ဆောက်လုပ်တော့မည်၊ ကမ္ဘာ့မှတ်တမ်းမတင်ရသေးသော ကြိမ်မျိုးစိတ်သစ်များ မြန်မာနိုင်ငံတွင်ရှာဖွေတွေ့ရှိ၊ အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ရှေးဟောင်းသုတေသနဒီပလိုမာ မြန်မာနိုင်ငံတွင် ရယူနိုင်မည်စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

အီရန်နိုင်ငံ၌ငလျင်ကြီးထပ်လှုပ်သဖြင့် လူ ၄၀၀ကျော်ဖိတ်စဉ်၊ နစ်ဆန်ကုမ္ပဏီ၏ ဉာဏ်ကြွယ်ကား လမ်းကိုအလိုအလျောက်တည့်ပေးနိုင်၊ ကင်ဆာဖြစ်စေနိုင်သော ဆိုးဆေးပါသည့် စားသောက်ကုန်အမယ် ၄၀၀ကျော် ဗြိတိန်တွင် ပြန်သိမ်းနေစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၄၈၈၈၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

အထက(၇) မော်လမြိုင် အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မော်လမြိုင်မြို့ အထက (၇) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)တွင် အမှတ် (၇) အထက "နဝရတ်ဆောင်"၌ ကျင်းပရန် စီစဉ်ထားသည်။

အသက်(၆၀)ပြည့်ပြီး အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာမရရှိပါကလည်း အပူဇော်ခံကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်ရှုကြည် (ကျောင်းအုပ်ကြီး) ဖုန်း ၀၅၇-၂၁၃၉၀၊ ဦးချို (ဌာနမှူး၊ မော်လမြိုင်တက္ကသိုလ်) ဖုန်း- ၀၅၇-၂၄၆၃၂၊ ဦးစိုးညွန့် (စက်လှေ) ဖုန်း-၀၅၇-၂၁၈၅၆၊ ဦးတင်အောင်ဝင်း ဖုန်း- ၀၅၇-၂၂၅၂၇၊ ဆရာဦးဖေသိန်း(ပေါ်ပြူလာကားဂိတ်) ဖုန်း-၀၁-၂၁၁၆၇၂၊ ဦးစိုးမြင့် ဖုန်း-၀၁-၂၄၁၀၅၉နှင့် ဦးခင်မောင် ဖုန်း-၂၀၁၆၄၈၊ ၂၀၀၈၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

✧ **ရန်ကုန်တိုင်းမှ**

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးကို နှစ်စဉ်ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြောင်း၊ တပ်မတော်၏ စည်းလုံးညီညွတ်မှု၊ အရည်အသွေးမြင့်မားမှုနှင့် စည်းကမ်းကောင်းမွန်မှုကို ဖော်ညွှန်းပြသသည့် အခမ်းအနားကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ ယခုကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးကို ယခင်နှစ်များကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ၊ အဆင့်အတန်းအရည်အသွေးမြင့်မားစွာ ကျင်းပနိုင်ရေးအတွက် စစ်ရေးပြတပ်မတော်သားအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် ကော်မတီအသီးသီးအနေဖြင့် စစ်ရေးပြတပ်မတော်သားများ စစ်ရေးပြ ပိုမိုကောင်းမွန်ရေး၊ သက်သာချောင်ချိရေးဆိုင်ရာများ အပြည့်အဝရရှိရေး၊ အားအင်ပြည့်ဝစေမည့် အစားအစာများကျွေးမွေးရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်ရေး၊ စစ်စည်းကမ်းကောင်းမွန်ရေးစသည့်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်ရေးပြ တပ်မတော်သားများအနေဖြင့်လည်း တစ်ဦးချင်းအလိုက် ကျန်းမာရေးကောင်းမွန်ရေး၊ ရွှင်လန်းတက်ကြွစွာ စစ်ရေးပြနိုင်ရေး၊ စည်းကမ်းကောင်းမွန်ရေးတို့အတွက် အဆင့်ဆင့် ကြိုးကြပ်ကွပ်ကဲဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စစ်ရေးပြတပ်မတော်သားအားလုံးက စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်က စစ်ရေးပြအခမ်းအနားကြီးအရည်အသွေး၊ အဆင့်အတန်းမြင့်မားစွာဖြင့် ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန်၊ သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်သန်းဦးတို့ ဦးဆောင်သောအဖွဲ့သည် သုဝဏ္ဏမြို့ရှိ ငမိုးရိပ်တံတား (ကမာကြည်) ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁နာရီခွဲတွင်သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာမှူး ဦးဟန်စိုး၊ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးဝင်းနှင့် တာဝန်ရှိသူတို့က မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမီးသတ်ဦးစီးမှူးနှင့်အဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)** (၅၀၆)

မန္တလေးမြို့၌ ဘိန်းစိမ်းဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မန္တလေး မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ရက်တွင် သတင်းအရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၄)နှင့်(၂၉)လမ်းထောင့်ရှိ မြသီရိတည်းခိုခန်းအမှတ် ၁၃ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ မောင်ဦးနှင့်အတူ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်းခြောက်ကီလိုနှင့် ဘိန်းမျိုးစေ့ သုညဒသမ ဝ၆၅ကီလို ဖမ်းဆီးရမိသည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် သရက်ကန်ရွာနေ ဦးထွန်းရင်၏သား အသက် (၃၇)နှစ်ရှိ မောင်ဦးအား မန္တလေးအမှတ် (၆)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် (၃/၂၀၀၅)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊၁၉ (က)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် သရက်ကန်ရွာနေ ဦးထွန်းရင်၏သား မောင်ဦးအား ဖမ်းဆီးရမိသော ဘိန်းစိမ်းများ၊ ဘိန်းမျိုးစေ့များနှင့်အတူ တွေ့ရစဉ်။ (မူးယစ်)

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

Myanmar PGA၊ **မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့်** Asian Tour Ltd. **တို့က ကြီးမှူး၍** Rothmans of Pall Mall Myanmar Pte.,Ltd **က အဓိက ကူညီပံ့ပိုးသော ၂၀၀၅ ခုနှစ်** Myanmar Open **ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၉နာရီ၃၀မိနစ်တွင် ရန်ကုန်မြို့ တညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၄နာရီ၁၀မိနစ်တွင် ယင်းဂေါက်ကွင်း၌ ကျင်းပသည်။**

ကြည့်ရှုအားပေး

ဆုချီးမြှင့်သည့် အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်၊ Rothmans of Pall Mall Myanmar Pte.,Ltd. မှ Marketing Director Mr. Anthony Wong နှင့် တာဝန်ရှိသူများ၊ Myanmar PGA အထွေထွေအတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်နှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Mr. Louis Martin (Chief Executive of The Asian Tour) က အမှာစကား ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ Mr. Anthony Wong (Marketing ဒါရိုက်တာ Rothmans of Pall Mall Myanmar Pte.,Ltd) က ရန်ကုန်ဂေါက်ကလပ်မှ ဦးအေးချိုအားလည်းကောင်း၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌအားလည်းကောင်း၊ Mr.Louis Martin (Chief Executive of The Asian Tour) အားလည်းကောင်း၊ Myanmar PGAနှင့်MGF ဥက္ကဋ္ဌက Mr.Anthony Wong (Marketing Director Rothmans of Pall Mall Myanmar Pte.,Ltd) အားလည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ ဦးကြည်လှဟန် (Chairman of The Asian Tour) က (Autographed Pinflat of Asian Tour ကို Mr.Anthony Wong အားလည်းကောင်း၊ Mr. Louis Martin က Asian Tour အမှတ်တရလက်ဆောင်ကို ရန်ကုန်ဂေါက်ကလပ်မှ ဦးအေးချိုအားလည်းကောင်း ပေးအပ်ကြပြီး၊ ဦးကြည်လှဟန်က Autographed Caddie BIB ကို MPGA နှင့် MGF ဥက္ကဋ္ဌ အားပေးအပ်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ Myanmar PGA နှင့် MGFဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အပျော်တမ်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော ဘိုဘို (Best Myanmar Amateur) အား Silver Trophy အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အားကစားသမားများအနက် အကောင်းဆုံးအားကစားသမား ဆုရရှိသော မင်းနိုင် (Best Myanmar Players)အား Crystal Trophyကိုလည်းကောင်း၊ Octagon နှင့် Han Event Managementတို့က လည်း ဆုအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀စီကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး၊ ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျော့ရိုက်ကြပြီး စုစုပေါင်း ၂၈၀ ချက်စီဖြင့် ပူးတွဲတတိယရရှိကြသော Ashok Kumar (အိန္ဒိယ)နှင့် ချန်ပီယံဟောင်း Thongchai Jaidee (ထိုင်း)တို့အားလည်းကောင်း၊ သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၇၉ ချက်ဖြင့် ဒုတိယရရှိသော Rick Gibson(ကနေဒါ)အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် Myanmar Open **(2005) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော** Scott Strange **(ဩစတြေးလျ)အား** Crystal Trophy **ဆုချီးမြှင့်စဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျော့ရိုက်ပြီး (၆၉+၇၂+၆၉+၆၇) စုစုပေါင်း ၂၇၇ ချက်ဖြင့် ပထမရရှိသော Scott Strange (ဩစတြေးလျ)အား Crystal Trophy ဆုကိုချီးမြှင့်ပြီး၊ Mr. Anthony Wong (Marketing ဒါရိုက်တာ Rothmans of Pall Mall Myanmar Pte.,Ltd) ကပထမရရှိသော Scott Strange (ဩစတြေးလျ) အား ဆုကြေးငွေ ချက်လက်မှတ်ကို ချီးမြှင့်သည်။

အမှတ်တရဓာတ်ပုံရိုက်

ဆုချီးမြှင့်ပွဲ အပြီးတွင် Scott Strange (ဩစတြေးလျ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး၊ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများသည် အောင်ပွဲရ ဂေါက်သီးရိုက်အားကစားသမားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆွတ်ခူး

Myanmar Open 2005 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော Scott Strange (ဩစတြေးလျ) ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၃၂၃၀၀ ကိုလည်းကောင်း၊ ဒုတိယရရှိသော Rick Gibson (ကနေဒါ)က ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၂၂၆၀ ကိုလည်းကောင်း၊ ပူးတွဲတတိယရရှိသော Ahok Kumar (အိန္ဒိယ)နှင့် ချန်ပီယံဟောင်း Thongchai Jaidee (ထိုင်း) တို့က ဆုကြေးအမေရိကန် ဒေါ်လာ ၁၁၂၀၀စီကိုလည်းကောင်း အသီးသီး ဆွတ်ခူးသွားကြသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲတွင် Co-Sponsor အဖြစ် Myanmar Airways International (MAI) ကလည်းကောင်း၊ Sponsors များအဖြစ် Sedona Hotel (MYANMAR)၊ Srixon၊ Mynmar Brewery Ltd၊ Canon (Accel International Co.,Ltd) နှင့် Max Myanmar Co., Ltd တို့ကလည်းထပ်မံ၍ ကူညီပံ့ပိုးကြပြီး ယင်းပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management နှင့် Octagon တို့က တာဝန်ယူဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဘိန်းစိမ်းနှင့် ဘိန်းဖြူ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြစ်ကြီးနားမူးယစ်အထူးအဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ၁၆ရက်တွင် သတင်းအရ ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာရပ်ကွက်(၄) အမှတ်(၄/၁၈၈)နေ ဦးစံမြ၏နေအိမ်ကိုဝင်ရောက် စစ်ဆေးရှာဖွေရာ ဦးစံမြနှင့်အတူ မောင်ဉာဏ်အား တွေ့ရှိရပြီး နေအိမ်မီးဖိုအတွင်း မြေကျင်းတူး၍ မြှုပ်ထားသော သံသေတ္တာနှစ်လုံးအတွင်းမှ ဘိန်းစိမ်း၂၅ထုပ်၊ နေအိမ်အပေါ်ထပ်မျက်နှာကြက်အတွင်းမှ ဘိန်းစိမ်း၂၃ထုပ် စုစုပေါင်း ဘိန်းစိမ်းအလေးချိန်၆၉ကီလိုနှင့် မျက်နှာကြက်အတွင်းမှ ဆပ်ပြာခွက်၁၀၂ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူစုစုပေါင်း အလေးချိန်၁ဒသမ၄၅ကီလို၊ ပလတ်စတစ်အိတ်အပြာဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀၀တို့ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာနေ ဦးဆွဲမြင်၏သား အသက် (၄၉)နှစ်ရှိ ဦးစံမြနှင့် တစ်ရွာတည်းနေ ဦးမွန်ဘောင်၏သား အသက်(၃၅)နှစ်ရှိ မောင်ဉာဏ်၊ ကွင်းဆက်တရားခံပစ္စည်းပိုင်ရှင် ဦးနန်စိမ်ဂမ်၏သမီး အသက်(၃၆)နှစ်ရှိ မမေရီနှင့် ဦးလဘန်လ၏သမီး အသက် (၂၉)နှစ်ရှိ မထုမိုင်တို့အား ဖားကန့်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် (၄/၂၀၀၅)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊၁၉(က)၊၂၁ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်တောင်ပိုင်း အမှတ်(၁၆) အခြေခံပညာ မူလတန်းလွန်ကျောင်း ၂၀၀၃-၂၀၀၄ခုပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်အေးက ပထမတန်း ပထမဆုရရှိသူ မအင်ကြင်းလွင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ရုံးသစ်) သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်နာယက၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် အသားကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေး လုပ်ငန်းရှင်များက ဒေသဖြစ်ထွန်းမှုများအလိုက် ကြက်၊ ဝက်၊ သိုး၊ ဆိတ်၊ နွား မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့မွေးမြူပြီး ပြည်တွင်းစားသုံးမှု ဖူလုံစေရန်၊ ပြည်ပပို့ကုန်အဖြစ် တိုးချဲ့တင်ပို့နိုင်ရေး ရည်မှန်းဆောင်ရွက်ကြရန်၊ အာဟာရတန်ဖိုးမြင့်မားပြီး ဈေးနှုန်းချိုသာသည့် ဒေသထွက် တိရစ္ဆာန်အစာအစာများ သွင်းအားစုအဖြစ် အစားထိုးသုံးစွဲရေးစီမံဆောင်ရွက်ကြရန်နှင့် လူသို့ ကူးစက်အန္တရာယ်ပေးနိုင်သည့် တိရစ္ဆာန်ရောဂါများကို တိရစ္ဆာန်ကျန်းမာရေးအသိ၊ တိရစ္ဆာန်ကျန်းမာရေး သတိဖြင့် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး အစဉ်အမြဲသတိရှိရှိဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ မွေးမြူရေးလုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် ၈၉ သိန်းကျော်ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်တို့က အသီးသီး အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ပြည်နယ်နှင့်တိုင်း အစည်းအဝေးတက်ရောက်သူများက အဆိုပြု၊ ထောက်ခံကြပြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်က အတည်ပြုချက်ရယူကာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မြေညီထပ်၌ ခင်းကျင်းပြသထားသော မွေးမြူရေးဆိုင်ရာ ဆေးဝါးနှင့် ပစ္စည်းကိရိယာများ ပြခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဓမ္မဒူတဓမ္မပူဇာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း၊ သာကေတမြို့နယ် (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်ပရိဝုဏ်အတွင်း ရင်ပြင်တော်၌ မတ် ၇ ရက်၌ မုဒ္ဒံဆရာတော် ဓမ္မဒူတ ဘဒ္ဒန္တကောသလ္လ၊ ၈ ရက်၌ ဓမ္မဒူတဘဒ္ဒန္တဆေကိန္ဒ၊ ၉ ရက်၌ ဓမ္မဒူတဘဒ္ဒန္တကုသလ၊ ၁၀ ရက်၌ ဓမ္မဒူတဘဒ္ဒန္တဝိဇယနှင့် ၁၁ ရက်၌ ဓမ္မဒူတဘဒ္ဒန္တပညာဝရတို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ)ရပ်ကွက် ငွေလရောင်လမ်းနေ ဦးကျော်စိန်-ဒေါ်ခင်အေးတို့၏ ဓမ္မသဘင်မင်္ဂလာမဏ္ဍပ်၌ မတ် ၁ ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတရေဓမ္မာစရိယ ဓမ္မဒူတအရှင်ဆေကိန္ဒနှင့် မတ် ၂ ရက်တွင် တိပိဋကရေ တိပိဋကကောဝိဒဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရတို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

တောင်တွင်းကြီးမြို့ ပညာရေးခြည် သီလရှင်စာသင်တိုက် ရေရရှိရေးလုပ်ငန်းအတွက် အင်းစိန်မြို့နယ် ဘိုကုန်းရပ် ဟေမာဂနိုင်ကျောင်းလမ်းနေ ဦးလှ-ဒေါ်ကြည်ကြည်မြင့်၊ ဦးမြသာဒွန်း - ဒေါ်နန်းပုတ်ခမ်း မိသားစုတို့က မတည်လှူဒါန်းငွေကျပ်လေးသိန်းကို ရွှေပြည်သာမြို့ အောင်သော်တာ သီလရှင်စာသင်တိုက်မှ အကျိုးတော်ဆောင် တာဝန်ခံ ဒေါ်ပညာစာရီထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၈ ခုနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ရွှေဂုံတိုင် မီးပွိုင့်အနီးရှိ Excel Treasure Tower ၌ ကျင်းပရာ ကျောင်းသားဟောင်း ဦးအံ့ငြိမ်းက ထူးချွန်ဆုရရှိသော မနှင်းသန့်စင်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

မြန်မာရုပ်ရှင်ဇာတ်ကားများ နယ်ထွက်ရိုက်ကူးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာရုပ်ရှင် ဇာတ်ကားများ စဉ်ဆက်မပြတ် ပြသနိုင်ရေးအတွက် ရိုက်ကူးလျက်ရှိကြရာ ဇာတ်ကားအချို့ နယ်ထွက်ကာ အပြီးသတ် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

လှိုင်ရုပ်ရှင်အတွက် ဒါရိုက်တာ မောင်နန္ဒ ရိုက်ကူးနေသည့် **တောင်သမန်သစ္စာ**ဇာတ်ကား မန္တလေးသို့ သွားရောက်ရိုက်ကူးလျက်ရှိပြီး မကြာမီ အပြီးသတ် ရိုက်ကူးပြီးစီးမည်ဟု သိရသည်။ ထိုဇာတ်ကားတွင် ရန်အောင်၊ ဒွေး၊ နန္ဒာလှိုင်၊ မေသန်းနုတို့ သရုပ်ဆောင်ပါဝင်ကြသည်။

ဆက်လက်၍ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူး၍ ကျော်ရဲအောင်၊ ဒွေး၊ ရန်အောင်၊ ရဲအောင်၊ နန္ဒာလှိုင်၊ မေသဉ္ဇာဦးတို့ သရုပ်ဆောင်ပါဝင်ကြသည့် **စိတ်မချနိုင်ဘူး**ဇာတ်ကားမှာလည်း လက်စသတ်ရိုက်ကူးလျက်ရှိသည်ဟု သိရသည်။

ထို့ပြင် ဝါစိမ်းနီရုပ်ရှင်မှ စာရေးဆရာမ မစန္ဒာ၏ ဝတ္ထုကို ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသည့် **ဆဋ္ဌဂံ**ဇာတ်ကားမှ ဇာတ်ဝင်ခန်းများ သန်လျင်သို့ သွားရောက်ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် လွင်မိုး၊ ထွန်းအိန္ဒြာဗိုတို့ ခေါင်းဆောင်ပါဝင်သည်။**(ကြေးမုံ)**

မော်ကင်းဥဒါန်း

ရုံတင်ပြသရန် စီစဉ်နေသည့် လပ်ကီးဆဲဗင်းရုပ်ရှင်မှ ရိုက်ကူးသော "မော်ကင်းဥဒါန်း" ဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်။



အမှန်အကန်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရိုက်ကူးသော "အမှန်အကန်" ဇာတ်ကားမှ ကျော်ရဲအောင်၊ နေမျိုးအောင်၊ စိုးမြတ်နန္ဒာနှင့် မျိုးစန္ဒီကျော်။

ရုံတင်ပြသတော့မည့် "ကြိုးနှစ်စ" ဇာတ်ကားသစ်မှ ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ဟန်။

ရုပ်ရှင်အစည်းအရုံးရန်ပုံငွေဇာတ်ကားနှစ်ကားရိုက်ကူးပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ရန်ပုံငွေအဖြစ် အဆင့်မြင့်ဗီဒီယိုဇာတ်ကားနှစ်ကား ရိုက်ကူးပြီးစီး၍ မကြာမီ ရုံတင်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထိုဇာတ်ကားများမှာ ဒါရိုက်တာခင်စောမျိုးရိုက်ကူးသည့် **ခုနစ်နှစ်လီ**ဇာတ်ကားနှင့် ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူးသည့် **အမှန်အကန်**ဇာတ်ကားတို့ ဖြစ်သည်။

ခုနစ်နှစ်လီဇာတ်ကားတွင် ကျော်သူ၊ ခန့်စည်သူ၊ မင်းအုပ်စိုး၊ နေတိုး၊ မေသန်းနု၊ ထူးမွန်၊ ဝိုင်းစုခိုင်သိမ်း၊ ခိုင်ဇွန်၊ ထက်ထက်ဝေချင်းတို့ သရုပ်ဆောင်ပါဝင်ကြပြီး **အမှန်အကန်**ဇာတ်ကားတွင် ကျော်ရဲအောင်၊ နေမျိုးအောင်၊ စိုးမြတ်နန္ဒာ၊ မျိုးစန္ဒီကျော်၊ စမ်းစမ်းအေး၊ အောင်ခိုင်၊ အံ့ကျော်တို့ သရုပ်ဆောင်ပါဝင်ကြသည်။ ထိုဇာတ်ကားများ မကြာမီ ရုံတင်ပြသမည် ဖြစ်သည်။

(ကြေးမုံ)

ငါ့သွေး၊ ငါ့ဓား၊ ငါ့ရောဝတီ ဇာတ်ကားရိုက်ကူးရန်စီစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည့်ဖြိုးမြတ်ရုပ်ရှင်မှ ဒါရိုက်တာထွန်းအောင်ဇော်၏ **ငါ့သွေး၊ ငါ့ဓား၊ ငါ့ရောဝတီ**ဇာတ်ကား ရိုက်ကူးရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။ ထိုဇာတ်ကားကို မြန်မာ့အားမာန်နှင့် မျိုးချစ်စိတ်ဓာတ် ဖော်ထုတ်ရေး ရည်ရွယ်ချက်ဖြင့် ရိုက်ကူးခြင်းဖြစ်ပြီး ကျော်ရဲအောင်၊ လူမင်း၊ မျိုးသဉ္ဇာထွန်း၊ နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင် ကြမည်ဖြစ်သည်။

(ကြေးမုံ)

လိပ်သို စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

သံတောင် ဖေဖော်ဝါရီ ၂၁

ကရင်ပြည်နယ် သံတောင်မြို့နယ် လက်ဖက်အင်းကျေးရွာအုပ်စု လိပ်သို စံပြကျေးရွာ ဂါခေါဒယ်လှင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်က လိပ်သိုကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်း၊ သံတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကိုကို၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်နန်းကြည်စိန်၊ သံတောင်အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးစောဖဲရီမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက် ရန်ပုံငွေအတွက် ကျပ်နှစ်သိန်း၊ ပရိဘောဂများနှင့် သုတ၊ ရသစာအုပ်မျိုးစုံ ၅၀၀အုပ်ကျော် လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးစောစိုးတင့်က ကျေးဇူးတင်စကား ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

အလှူငွေပေးအပ်ပွဲ ကျင်းပ

မင်းလှ ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်း(အနောက်) မင်းလှမြို့နယ် တိလောကမာရဇိန် ဗုဒ္ဓလစကြာ စေတီတော် ရွှေသင်္ကန်းကပ်လှူရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီက မဟာဇေယျကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ ဩဝါဒါစရိယဆရာတော် ဦးဇိနာနန္ဒက ဩဝါဒကထာ မြွက်ကြားပြီး အလှူရှင် ဗိုလ်ကြီး မြင့်အောင်(ငြိမ်း)မိသားစုက ငွေကျပ် ၅၀၀၀၀၀ကို လှူဒါန်းရာ ဦးစီးကော်မတီဥက္ကဋ္ဌ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးစန်းလှိုင်က လက်ခံရယူသည်။

ထို့နောက် ဦးကျော်စိုး မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀၊ အလှူရှင်များက အလှူတော်ငွေ ကျပ် ၃၅၀၀၀၀တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဦးစီးကော်မတီ ဒုဥက္ကဋ္ဌ ဒုရဲမှူးသိန်းလှိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြကျော်၊ ဆရာဝန်ကြီး ဒေါက်တာသန်းလွင်တို့က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

ရောဝတီတိုင်း မြောင်းမြမြို့ ပရိယတ္တိစွမ်းအား စာသင်တိုက်မှ တိုက်အုပ်/စာချဆရာတော် အရှင် သူရပ္ပတိဦးဆောင်၍ အိမ်မဲမြို့နယ် ကျုံစိန်ကျေးရွာအုပ်စု ဝဇီရရာမကျောင်းတိုက်တွင် ဇန်နဝါရီ၂၃ ရက်က မင်္ဂလာဗုဒ္ဓဝင်စာအောင်ဆုနှင့် ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပရာ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ်၌ တစ်ဘာသာဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သော မဇင်မာလွင်(နည်းပညာ ကောလိပ်)ပုသိမ်အား မြောင်းမြမြို့နေ သုခမ္မသီဂီဘွဲ့ရ ဒေါ်သိန်းကျင် ဆုချီးမြှင့်စဉ်။ (၁၇၆)

အာစရိယပူဇော်မည်

တောင်ငူ ဖေဖော်ဝါရီ ၁၉

တောင်ငူမြို့ အထက(၅) ယခင်(ပကူး) ကျောင်းတွင် ၂၀၀၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို မတ် ၂ရက်တွင် အထက(၅)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဦးကျော်ညွန့် ဖုန်း ၀၅၄-၂၃၂၇၅၊ ဦးစောဝင်းနိုင်(ထ-၅) ၀၅၄-၂၃၀၀၇၊ ဒေါ်သက်သက်ဦး ဖုန်း ၀၅၄-၂၄၂၇၃၊ နော်အယ်ထူး (မြို့ကြီး) ဖုန်း ၀၅၄-၂၁၅၀၁နှင့် ဒေါက်တာသရင်းစိုးမင်း(ရန်ကုန်) ဖုန်း ၀၁-၂၂၃၀၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာများ ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ညွှန်ကြားရေးမှူးနှင့် အဖွဲ့စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်

မချမ်းဘော ဖေဖော်ဝါရီ ၁၉

မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဖေဖော်ဝါရီ ၁ ရက်က အဖွဲ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းရဲဝင်းနိုင်က ကြီးကြပ်ဆောင်ရွက်ပေးသည်။

အလားတူပင် ဆင်ဘိုမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဖေဖော်ဝါရီ ၁ ရက်က ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ထွန်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၅)နှစ်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၅ ရက်က အထက်တန်းကျောင်း မြည်းလာခန်းမ၌ ကျင်းပစဉ်။ (၂၄၇)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခြိတ်တောင်-ဆင်ကြီးပြင်(ကျေးလက်) ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် အမှုဆောင်အရာရှိ ဦးဘုန်းမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်း ကျင်းဝင်

မော်လမြိုင် ဖေဖော်ဝါရီ ၁၈

မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်းတွင် ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်းက ဒေါက်တာဦးတင်ဦး (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့)သည် ဂေါက်သီးကစားဖော်များဖြစ်ကြသော ဒေါက်တာဘသန်း၊ ဒေါက်တာစန်းလွင်၊ ဦးကျော်ရှိန်(သ/မဦးစီး-ငြိမ်း)တို့နှင့် ဂေါက်သီးရိုက်ကြရာ ၁၆၅ ကိုက် အကွာဝေးရှိ ကျင်းအမှတ်(၆)သို့ EV.02ဘောလုံးကို Papier Wood No. (3) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

အလားတူ မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်းတွင် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် အကောက်ခွန်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်စတီးလ်သည် ကစားဖော်များဖြစ်ကြသော ဦးကျော်မင်းအောင်၊ ဦးသိန်းဝင်း၊ ဦးမောင်ဇော်တို့နှင့်အတူ ဂေါက်သီးရိုက်ကွင်း အမှတ်(၆) ၁၆၅ ကိုက်အကွာတွင် Tour Special နံပါတ်(၃)ဘောလုံးကို Pink Isik တုတ်နံပါတ်(၈)ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရသည်။ **(၂၅၇)**

ဖေဖော်ဝါရီ ၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ပဲခူးမြို့နယ် ညောင်အင်းကျေးရွာတွင် ကျေးလက်အိမ်ရာကို ကွင်းဆင်းစစ်ဆေးရာ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး(ဈေး) ဦးစိုးလွင် ဦးဆောင်သော ဝန်ထမ်းများ၊ မော်ဝမ်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့များနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်း၍ ဖေဖော်ဝါရီ၅ ရက်က ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမင်းဟန် (ဒုတိယညွှန်ကြားရေးမှူး) ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မီးငြိမ်းသတ်ရေး လေ့ကျင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၄

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၆) ဖွဲ့နှဆီစက်နှင့် အမှတ်(၅၁၁) တန်တစ်ရာ ဆန်စက်တို့တွင် မီးဘေးကြုံတင် ကာကွယ်နိုင်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ဖွဲ့နှဆီစက်နှင့် တန်တစ်ရာ ဆန်စက်တို့တွင် ကျင်းပသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဖွဲ့နှဆီစက် စက်ရုံမှူး ဦးဝင်းသိန်းနှင့် ဝန်ထမ်းများ၊ တန်တစ်ရာစက်ရုံမှူး ဦးအောင်မျိုးနှင့် ဝန်ထမ်းများ၊ စက်ရုံအရန်မီးသတ် တပ်ဖွဲ့ဝင်များသည် လက်တွေ့မီးငြိမ်းသတ်ရေးကို လေ့ကျင့်ဆောင်ရွက်ကြသည်။ **(၃၆၄)**

ဖေဖော်ဝါရီ ၁၀ ရက်က ဧရာဝတီတိုင်း မအူပင်မြို့နယ် ပေါက်ကုန်းကျေးရွာ သရက်ဖြူတစ်ထောင်တွင် တည်ထား ကိုးကွယ်ထားသည့် ၁၈ တောင်ပြည့် အဓိပတိ ရုပ်ပွားတော်မြတ်ကြီးအား ထပ်မံပြန်လည်ပြုပြင်ရန်အတွက် လှူဒါန်းငွေကျပ် ၁၀ သိန်းကို မိခင်ကြီး ဒေါ်ကျင်စိန်နှင့် သား ဦးမျိုးသန့်၊ ဇနီး ဒေါ်စန်းစန်းမြင့်တို့က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၂၅ ရက်က နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ အောင်အရဟံသိဒ္ဓိ ဣစ္ဆာသယလာဘံ စေတီတော် အမှတ်(၂)နေရာ၌ မဟာဗောဓိပင်ပျိုးကို စိုက်ပျိုးပူဇော်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ခေါင်းကြီး၊ဆောင်းပါးအညွှန်း

* *ယနေ့အချိန်အခါတွင် နိုင်ငံ၏လူဦးရေမှာ ၅၄သန်းကျော်ခန့်ရှိနေရာ လွန်ခဲ့သော နှစ် ၅၀ကျော်ခန့်ကထက် လူဦးရေသုံးဆခန့်တိုးတက်များပြားလာသည်။သို့ရာတွင် နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ပြည်တွင်း အစားအစာ လုံလောက်ရုံမက ဖူလုံပိုလျှံနေပြီဖြစ်သည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

* *နိုင်ငံတော်တာဝန်ကို ဝင်ရောက် ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ သမိုင်းအတွေ့အကြုံများအပေါ် သင်ခန်းစာရယူပြီး နိုင်ငံတော်ကို လက်ဝဲစွန်း၊ လက်ယာစွန်း ချောက်ကမ်းပါးထဲမကျရောက်ရအောင် ကြိုးပမ်းထမ်းဆောင်လာခဲ့တယ်။ ဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်လာခဲ့ကြတယ်။*

အောင်မိုးစံ၏ **"အမျိုးသားရေးအကျိုး ရှေးရှုထမ်းဆောင်နေသောအမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ"** ဆောင်းပါး (စာမျက်နှာ-၆)

အမှာစကားပြောကြား

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နှစ် (၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ကြမည့် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ညီထွန်း၊ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် အရာရှိအရာခံ၊ အကြပ်၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၊မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာ၌ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

ပြည်သူများက ဥပဒေနှင့်အညီ ထမ်းဆောင်သင့်သည့် အခွန်များ တိကျမှန်ကန်ပြည့်စုံစွာ ထမ်းဆောင်ရန် တာဝန်ရှိ ပြည်သူများအနေဖြင့် အမှန်တကယ် ထမ်းဆောင်သင့်သည့် အခွန်တော်များထက်ပို၍ ထမ်းဆောင်ရသည်များရှိနေ နိုင်ငံတော်နှင့် ပြည်သူများ မနစ်နာရအောင် အကျင့်ပျက်ဝန်ထမ်းတို့ကို ဖော်ထုတ်၍ ထိရောက်စွာအရေးယူသင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်း၏ "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း"နှင့် စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက် စာတမ်း(၅)စောင်အနက်-

-တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်၊

-မြို(ခ)ခမိအမျိုးသားညီညွတ်ရေးပါတီမှကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "ဘဏ္ဍာရေးဆိုင်ရာ ကိစ္စနှင့်ပတ်သက်၍ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍